# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ သောကြာနေ့ အတွဲ (၆၁)၊ အမှတ် (ဝ၆၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကျောက်စာရုံများပါ ဗုဒ္ဓဥယျာဉ်ပုံစံကို တွေ့ရစဉ်။

## “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများ ရေးထိုးပူဇော်ထားသည့် ကျောက်စာချပ်များကို စိုက်ထူပူဇော်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဩတော်အမြင့်ဆုံးဖြစ်လာမည့် “မာရဝိဇယ” ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒများ၊ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ ထုဆစ်ပူဇော်လျက်ရှိသည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ထုဆစ်ပူဇော်ရာတွင် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒများနှင့်အညီ မြတ်စွာဘုရားရှင်၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ●


ယနေ့ ဖတ်စရာ

ဖိနပ်ပျောက်သွားသော အမှန်တရား — ဆောင်းပါး စာ - ၆

အိန္ဒိယတွင် အိုမီခရွန် ဗီဇပြောင်း ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူ နှစ်ဦးကို တွေ့ရှိ — နိုင်ငံတကာသတင်း စာ - ၁၄

Global Centre for Responsibility to Protect အဖွဲ့ရဲ့ အပတ်စဉ်ထုတ်စာစောင်ပါ မြန်မာ့အရေးဆောင်းပါးအပေါ် မြန်မာပြည်သူတစ်ဦး၏ တုံ့ပြန်ချက် — ဆောင်းပါး စာ - ၁၆

မြန်မာ့အလင်း

# အဂတိမှုများ ဖယ်ရှားသုတ်သင်

အဂတိလိုက်စားမှုသည် ကမ္ဘာလုံးဆိုင်ရာ အရေးကြီးသည့် ပြဿနာဖြစ်သည်။ အဂတိလိုက်စားမှုမှတစ်ဆင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍအသီးသီးတို့ကိုပါ ပျက်စီးယိုယွင်းစေသည်။ အဂတိလိုက်စားခြင်း၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် ကွဲလွဲမှုများရှိသော်လည်း အဓိကအားဖြင့် ပုဂ္ဂလိက အကျိုးစီးပွားရယူရန်အတွက် လုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ အများပြည်သူဆိုင်ရာ ပစ္စည်းများကိုလည်းကောင်း အလွဲသုံးစားပြုလုပ်ခြင်းဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်က အရေးပါသည်။

လာဘ်ပေးလာဘ်ယူမှုတွင် လာဘ်ပေးသူသည် မိမိ၏ အကျိုးစီးပွားအတွက်တာဝန်ရှိသူ၊ လုပ်ပိုင်ခွင့်ရှိသူကို တစ်နည်းနည်းဖြင့် လာဘ်ထိုးကာ ဆောင်ရွက်စေခြင်းသည်လည်းကောင်း၊ နိုင်ငံရေးသမားများ နိုင်ငံရေးပါတီများက မဲဆွယ်ရန် ငွေ သို့မဟုတ် အခွင့်အရေး စသည်တို့ကိုပေးခြင်းသည်လည်းကောင်း လာဘ်ပေးမှုဖြစ်သည်။ လာဘ်ယူသူကမူ ရာထူးကြီးမားသည့် တာဝန်ရှိဝန်ထမ်းမှသည် လုံခြုံရေးဂိတ်စောင့်သည့် ရာထူးငယ်အဆင့်အထိ မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ငွေကြေး/ ပစ္စည်း/ အကျိုးစီးပွား တစ်စုံတစ်ရာတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူကြခြင်းက လာဘ်ယူမှုဖြစ်သည်။ ကိုယ်ကျိုးစီးပွားအတွက် လာဘ်ပေးမှုကိုရော လာဘ်ယူမှုကိုပါ ကျင့်ဝတ်နှင့်မကိုက်ညီသော အပြုအမူများအဖြစ် သတ်မှတ်ထားသကဲ့သို့ စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေရှုထောင့်မှကြည့်ပါကလည်း ပြစ်မှုကျူးလွန်ခြင်းပင်ဖြစ်သည်။ ကျင့်ဝတ်နှင့်မညီသည့် အပြုအမူ၊ ဥပဒေနှင့် ဆန့်ကျင်နေသည့် အပြုအမူသည် ဒုစရိုက်မှုပင် ဖြစ်သည့်အတွက် လာဘ်ပေးခြင်းကိုရော လာဘ်ယူခြင်းကိုပါ ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

အဂတိလိုက်စားမှုကို အစိုးရဝန်ထမ်းများ၏ အဂတိလိုက်စားမှုနှင့် နိုင်ငံရေးဆိုင်ရာ အဂတိလိုက်စားမှုဟူ၍ နှစ်မျိုးနှစ်စားခွဲခြားနိုင်သည်။ အစိုးရဝန်ထမ်းများ၏ အဂတိလိုက်စားမှုသည် မိမိ၏ လုပ်ပိုင်ခွင့်နှင့် အာဏာကို အလွဲသုံးစားပြုကြခြင်းဖြစ်ပြီး ပုံမှန်အားဖြင့် ပေးရသည့်ဝန်ဆောင်ခအပြင် နောက်ထပ်ပမာဏတစ်ရပ်ကို လာဘ်ငွေအဖြစ် ထပ်ပေါင်းပေးရသည့်ပုံစံမျိုးနှင့် ဝန်ဆောင်ခပေးရန်မလိုဘဲ တာဝန်ရှိဝန်ထမ်းအား ငွေကြေးပမာဏတစ်ရပ်ရပ်ကို လာဘ်ငွေအဖြစ် ပေးရခြင်းမျိုးတို့ပါဝင်သည်။ ယင်းသို့သော အဂတိလိုက်စားမှုမျိုးများမှာ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုပေးရသည့် ရုံးဌာနများတွင် အများအားဖြင့် တွေ့ရတတ်ပြီး ပေးသူကရော ယူသူကပါ ကိုယ်ကျိုးအတွက် အပေးအယူပြုကြခြင်းဖြစ်သည်။ သို့ရာတွင် တာဝန်ရှိသူဝန်ထမ်းက လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ပညာပြကာ သွယ်ဝိုက်သောနည်းဖြင့် လာဘ်ယူခြင်းများလည်း အများအပြားပင်ရှိသည်။

နိုင်ငံရေးဆိုင်ရာ အဂတိက ပိုမို၍ ကြီးမားကျယ်ပြန့်သည့်သဘောရှိရာ နိုင်ငံရေးအာဏာရရှိလာသော နိုင်ငံရေးသမားတို့က အာဏာကို အလွဲသုံးစားပြုကာ မိမိတို့ မိတ်ဖက်ပါတနာများ၏ အကျိုးစီးပွားအတွက် ရည်ရွယ်၍ ဥပဒေစည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ပြဋ္ဌာန်းခြင်း၊ အချို့သော စည်းမျဉ်းစည်းကမ်းများကို ရုပ်သိမ်းဖယ်ရှားခြင်းတို့ဖြစ်သည်။ ထိုကဲ့သို့သော နိုင်ငံရေးဆိုင်ရာ အဂတိမျိုးသည် နိုင်ငံအတွက် လွန်စွာပင်အန္တရာယ်ကြီးမားပြီး နိုင်ငံရေးသမားတို့ အာဏာလက်ရှိကာလမျိုးတွင် ထင်သာမြင်သာမရှိသည့် အခြေအနေမျိုးတွင် ရှိနေတတ်သည်။ နိုင်ငံရေးအဂတိလိုက်စားမှုသည် နိုင်ငံရေးသမားနှင့်တကွ ၎င်းတို့၏ ပါတနာများအတွက် အကျိုးဖြစ်ထွန်းမှု ကြီးမားသည်နှင့်အမျှ ရေရှည်တွင် နိုင်ငံအတွင်း မညီမျှမှုများ ကြီးမားစွာ ပေါ်ပေါက်လာနိုင်သကဲ့သို့ စည်းလုံးညီညွတ်မှုပျက်ပြားခြင်း၊ ပြည်သူလူထု၏ မကျေနပ်ချက်များ ကြီးမားလာခြင်းနှင့်အတူ တည်ငြိမ်အေးချမ်းမှု ကင်းမဲ့သည့် အခြေအနေသို့ ဆိုက်ရောက်သွားစေနိုင်သည်။

အစိုးရဝန်ထမ်းတို့၏ အဂတိဖြစ်စေ၊ နိုင်ငံရေးဆိုင်ရာ အဂတိဖြစ်စေ၊ လူ့ကျင့်ဝတ်စံနှုန်းအရရော တရားဥပဒေအရာပါ အပြစ်ဒုစရိုက်များသာဖြစ်သည့်အလျောက် မိမိတို့လူ့အဖွဲ့အစည်းအတွင်း အဂတိတရားတို့ ဆက်လက်မရှင်သန်စေရေးအတွက် မြေလှန်သုတ်သင်နိုင်ရေး လူတိုင်းပါဝင် ဆောင်ရွက်ပေးကြစေလိုပါကြောင်း။ ။

## သံအမတ်ကြီး ဦးလွင်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလွင်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်တွင် မော်စကိုမြို့၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ဗလာဒီမီရိုဗစ်ချ် ပူတင်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာချစ်စိန်ကို အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## ယနေ့အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၂

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နောက်နှစ်ရက် အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၁ ဒသမ ၅၇ လက်မ ဖြစ်သည်။

မိုး/ဇလ

## နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာ့အားကစားသမားများ၏ ခန္ဓာကိုယ်ကြံ့ခိုင်မှု စစ်ဆေးခြင်းနှင့် အားကစားနည်းအလိုက် လေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့နံနက်ပိုင်းက (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ အားကစားနည်းအလိုက် ခန္ဓာကိုယ်ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် အားကစားနည်းများအလိုက် လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အားကစားနှင့် ဆေးဘက်ဆိုင်ရာ ဌာနခွဲ၊ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၏ ကြိုးကြပ်မှုဖြင့် နေပြည်တော်အားကစားလေ့ကျင့်ရေး စခန်း (Gold Camp) ရှိ (Medical Center) ၌ မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ခန္ဓာကိုယ် ကြံ့ခိုင်မှုစစ်ဆေးခြင်းကို အမျိုးအစားအလိုက် Power ပိုင်း နှစ်မျိုး၊ Muscle Strength ပိုင်း ၁၀ မျိုး၊ Flexibility ပိုင်း လေးမျိုး၊ Speed Test ပိုင်း သုံးမျိုး၊ Balance Test စစ်ဆေးမည့် စက်ပစ္စည်းများနှင့် အားကစားသမား တစ်ဦးချင်းစီ စစ်ဆေးပြုလုပ်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အတွင်းရှိ လက်ဝှေ့အားကစားရုံ၌ လက်ဝှေ့အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လည်းကောင်း၊ တိုက်ကွမ်ဒို အားကစားရုံ၌ တိုက်ကွမ်ဒို အားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ ဗိုဗီနမ် အားကစားရုံ၌ ဗိုဗီနမ် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ ပိုက်ကျော်ခြင်း အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားသမားများကို စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးက (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မေလလယ်တွင် ကျင်းပမည်ဖြစ်၍ ပြိုင်ပွဲနီးကပ်လာပြီဖြစ်သည့်အတွက် အားကစားသမားအားလုံး ကျန်းမာရေးအထူးဂရုစိုက်ကြရန်၊ အရည်အချင်းပြည့်မီရန်၊ ကြံ့ခိုင်မှုစွမ်းအားတိုးတက်ရန်၊ လေ့ကျင့်နေမှုပျက်ကွက်ခြင်းများမရှိရန် အမြဲကြိုးစားလေ့ကျင့်နေရန် လိုအပ်ကြောင်း၊ မိမိနိုင်ငံ ဂုဏ်သိက္ခာမကျစေရန်နှင့် နိုင်ငံတကာအလယ်တွင် မျက်နှာမငယ်စေရန်အတွက် အားကစားသမားများ အားလုံး စိတ်ဓာတ်ခိုင်မာမှု၊ နည်းစနစ်ကျွမ်းကျင်မှု၊ ဖြတ်ထိုးဉာဏ်သုံး၍ ယှဉ်ပြိုင်ကစားနိုင်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားလေ့ကျင့်ကြရန် လိုအပ်ကြောင်း။

ကျန်းမာရေးမကောင်းပါက လေ့ကျင့်ထားမှုများ၊ အပင်ပန်းခံကြိုးစားထားမှုများ အလဟဿဖြစ်နိုင်သည့်အတွက် ကျန်းမာရေးကောင်းရန်နေထိုင်စားသောက်လေ့ကျင့်နေမှုများ အစစအရာရာ အထူးဂရုစိုက်ကြရန် လိုအပ်ကြောင်း၊ ခံနိုင်ရည်အားထက်ပိုမိုပြင်းပြင်းထန်ထန် လေ့ကျင့်မှုများ ပြုလုပ်ခြင်းကြောင့် Injury ရရှိပါက နိုင်ငံအတွက် နစ်နာနိုင်မည်ဖြစ်၍ မိမိကျွမ်းကျင်မှု၊ ကြိုးစားလေ့ကျင့်ခဲ့မှုများကို ပြသနိုင်မည့် အခွင့်အရေးဆုံးရှုံးပြီး မိမိကိုယ်တိုင်ရော၊ မိမိအားကစားနည်းရော၊ မိမိနိုင်ငံအတွက်ပါ နစ်နာဆုံးရှုံးရမည်ဖြစ်ပါကြောင်း၊ **“လေ့ခွက်ချည်းကျန် အလံမလဲ”** ဆိုသည့် စကားပုံအတိုင်း နိုင်ငံချစ်စိတ်၊ အားကစားနည်းကိုချစ်စိတ်၊ အဖွဲ့အစည်းစိတ်ဓာတ်ထားရှိပြီး အချင်းချင်းရိုင်းပင်းကူညီ၍ ကြိုးစားလေ့ကျင့်သွားကြရန် လိုအပ်ကြောင်း၊ မိမိကိုယ်ကို မညှာဘဲ လေ့ကျင့်မှုပြုလုပ်နိုင်သလောက်၊ ခံနိုင်ရည်စွမ်းအားရှိသလောက် အစွမ်းကုန်ကြိုးစားလေ့ကျင့်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အားကစားသမားများအားလုံး သတ်မှတ်ထားသည့် လေ့ကျင့်ချိန်အတိုင်း၊ နည်းပြများ၏ သင်ကြားပြသမှုအတိုင်း ကြိုးစား လေ့ကျင့်ကြရန်နှင့် အားကစားသမားများ၏ အခက်အခဲများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ပြီး အားကစားနည်း အလိုက် အားကစားသမားများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရင်ပြင်တော်မှ ဖူးမြင်ရမည့်ပုံ။

ကျောက်စာရုံများ (၁၂ ပေ x ၁၂ ပေ x ၁၈ ပေ)



ကျောက်စာရုံ ၁ ခု တန်ဖိုး – ၂၇၉ သိန်း

●ရွှေဖုံးမှ

သင့်လျော်ညီညွတ်သော ဘူမိဖသဃမုဒြာဟန်ဖြင့် ထုဆစ်ပူဇော်သွားမည်ဖြစ်ပြီး အခြားသာသနိက အဆောက်အဦများကိုပါ ပြည့်စုံစွာထည့်သွင်း၍ ရတနာပုံခေတ် မြန်မာ့အနုပညာလက်ရာ စုံလင်စွာဖြင့် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးပါက ဉာဏ်တော်အမြင့် ၆၃ ပေ၊ ပလ္လင်တော်အမြင့် ၁၈ ပေ စုစုပေါင်း ၈၁ ပေ အမြင့်ဆောင်မည်ဖြစ်ပြီး လက်ရှိအချိန်၌ ပလ္လင်တော် အပိုင်း ၁ နှင့် ၂ ကိုနေရာချထားပြီးစီးပြီဖြစ်ကာ ကျန်ရှိသည့်အပိုင်းများကိုလည်း ခေတ်မီ CNC Machine များဖြင့် ပုံဖော်ထုဆစ်မှုများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒအရ ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဘုရားဖူးလာ မိဘပြည်သူများဖူးမြော်ရာ၌ ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာ ကျမ်းစာမြတ်ကိုပါ တစ်ပါတည်း ဖူးမြော်ကြည်ညိုပူဇော်နိုင်ရေး၊

*စာမျက်နှာ ၄ သို့*

ကျောက်စာရုံ (၁၂ ပေ x ၁၂ ပေ x ၁၈ ပေ)



မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား ပဥ္စမသင်္ဂါယနာမူ ပိဋကတ်ကျောက်စာ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာ



*စာမျက်နှာ ၃ မှ*

ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး၊ ခေတ်အဆက်ဆက် မှတ်တမ်းကျန်ရှိစေရေးတို့အတွက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာ ကျမ်းစာများကို စကျင်ကျောက်တော်များ၌ ထွင်းထုပူဇော်စိုက်ထူနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင်လည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒကို ဦးစွာခံယူခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ထံသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်လျှောက်ထား၍ လမ်းညွှန်ဩဝါဒခံယူခဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လမ်းညွှန် ဩဝါဒများ ခံယူပြီးနောက် ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာ ကျမ်းစာများကို စကျင်ကျောက်တော်များ၌ ခေတ်မီ


မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် ပဉ္စသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများ မှတ်တမ်းဓာတ်ပုံ။





မန္တလေးမြို့၊ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားရှိ သီဟိုဠ်စွယ်တော်ကြုတ်ပုံ ပိဋကတ်သုံးပုံကျောက်စာရုံများ။

စက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးပူဇော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ရေးထိုးပူဇော်နိုင်ရေး စိစစ်ဆောင်ရွက်ခဲ့ရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ပါမောက္ခချုပ်ဟောင်း အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တအရှင်သီလာနန္ဒာဘိဝံသ၏ လမ်းညွှန်မှုဖြင့် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီး ငါးပါးက ကြီးကြပ်ကွပ်ကဲ၍ ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာများကို Romanize Language ဖြင့် ဖလှယ်ထားရှိခဲ့သည့် ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ထုဆစ်ပူဇော်သွားမည်ဖြစ်သည်။

အဆိုပါ ကျောက်စာတိုက်များ တည်ထားနိုင်ရေး ဆောင်ရွက်ရာတွင် ကျောက်စာချပ်ရေပေါင်း ၇၂၉ ချပ် စိုက်ထူထားပြီး ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးအဖြစ် ဂင်းနစ်စံချိန်တင်ထားသည့်အပြင် ၂၀၁၃ ခုနှစ်တွင် ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ခဲ့သည့် မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပဉ္စသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအား အလေးထားစံပြု၍ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကျောက်စာရုံအနေဖြင့် အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၈ ပေရှိမည်ဖြစ်ကာ ကျောက်စာချပ်အနေဖြင့် အလျား ၄၅ လက်မ၊ အမြင့် ၇၅ လက်မ၊ ထု ၇ ဒသမ ၂ လက်မ ရှိမည်ဖြစ်သည်။

*စာမျက်နှာ ၅ သို့*



ကုသိုလ်တော်ဘုရားရှိ မူလကျောက်စာချပ်နှင့် ယခုရေးထိုးမည့် ကျောက်စာချပ်ပုံစံ။


ကျောက်စာရုံများတွင် ကမ္ပည်းမှတ်တမ်း ရေးထိုးပေးမည့်ပုံစံ။





၃-၁၁-၂၀၂၁ ရက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံမှ ဩဝါဒခံယူခြင်း။

*စာမျက်နှာ ၄ မှ*

ယခု ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာများကို ရေးထိုးပူဇော်ပြီးပါကလည်း ကျောက်စာချပ်များသည် ဗုဒ္ဓမြတ်စွာ၏ နှုတ်ကပါဠ်တော်များကို ရေးထိုးပူဇော်ထားခြင်းဖြစ်သည့်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်ထားရှိမည်ဖြစ်ပြီး ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ရာတွင် ကျောက်စာတိုက်များအတွင်းရှိ ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာများကိုပါ တစ်ပါတည်း ကြည်ညိုလေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် "မာရဝိဇယ" ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်လျက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ကျောက်စာရုံလှူဒါန်းရာ၌ ကျောက်စာရုံတစ်ခုလျှင် ငွေကျပ် ၂၇၉ သိန်း ကျသင့်မည်ဖြစ်ပြီး တစ်ဦးချင်းနှင့် အဖွဲ့တစ်ဖွဲ့ချင်းအလိုက် ကုသိုလ်ရှင်များအား ကမ္ပည်းမှတ်တမ်း ရေးထိုးပေးသွားမည်ဖြစ်ပါကြောင်းဖြင့် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**သတင်းစဉ်**







ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများအား ကုန်းလမ်းခရီးဖြင့် ပင့်ဆောင်ပူဇော်ခြင်း။







ဆင်းတုတော်နှင့် ပလ္လင်တော်များအား ရေလမ်းခရီးဖြင့် ပင့်ဆောင်ပူဇော်ခြင်း။

# ဖိနပ်ပျောက်သွားသော အမှန်တရား

ဆရာမဲဇာ

“ပုဂ္ဂလိက ကော်ပိုရေးရှင်းတွေဖြစ်တဲ့ ဖေ့စ်ဘွတ်နဲ့ တွစ်တာတို့က သနားမှသာ ကျွန်တော်တို့ ချမ်းသာရာ ရပါလိမ့်မယ်” (ယိုတမ်အိုဖီ)

“We are basically at the mercy of private corporation like facebook and Twitter” (Yotan Ophir)

### ဆိုရှယ်မီဒီယာများ

ကျန်းမာရေးဆိုင်ရာ သတင်းမှား၊ သတင်းလိမ်များ၏ဒဏ်မှ လွတ်မြောက်ရန်အတွက် အဖြေရဖို့ ဖေ့စ်ဘွတ်နှင့် တွစ်တာဟူသော ဆိုရှယ်မီဒီယာတွေကို အသနားခံရသည့် ဘဝရောက်နေကြောင်း အမေရိကန်ပညာရှင်တို့က ဆိုလာကြပါသည်။

ယိုတမ်အိုဖီဆိုသူမှာ နယူးယောက်တက္ကသိုလ်မှ ကျန်းမာရေးနှင့် သိပ္ပံသတင်းတုများ တိုက်ဖျက်ရေး ပါရဂူတစ်ယောက်ဖြစ်ပါသည်။ ကျန်းမာရေးပညာ ဖြန့်ဖြူးသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများနှင့် ပတ်သက်၍ လူထု၏ မျှော်လင့်ချက်၊ ကာကွယ်ဆေးထိုးခြင်း၏ အကျိုးကျေးဇူးများနှင့် အားနည်းချက်များကို ပွင့်ပွင့်လင်းလင်း အမှန်အတိုင်းသိရန် ထုတ်ပြန်ပညာပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းရာတွင် ဆိုရှယ်မီဒီယာများကို အသနားခံသွားရပါသည်။

“We don’t really know how to think in numbers and statistics, we usually think in stories and good narratives”

“လူတွေဟာ ကိန်းဂဏန်းတွေ ၊ စာရင်းဇယားတွေ အခြေခံတဲ့ တွေးခေါ်စဉ်းစားမှုထက် ပုံပြင်ဇာတ်လမ်းကောင်း အပြောကောင်းတွေအပေါ် စဉ်းစားတာများတယ်”

### ပုံပြောကောင်းသူများ

အမေရိကန်များ၏ စိတ်ဝင်စားမှုသည် “ပုံပြောကောင်းသူများ” နောက်သို့ ယုံမှတ်လုပ်ဆောင်သည့် “ပုံလာလာပြောတိုင်းယုံ”အခြေအနေမျိုးပင်ဖြစ်၏။

အမေရိကန်တို့၏ပြဿနာမှာ ဗိုလ်ချုပ်ကြီးကောလင်းပါဝယ်(လ်) တစ်ယောက် ကိုဗစ်-၁၉ ရောဂါ၏ နောက်ဆက်တွဲပြဿနာများကြောင့် သေဆုံးရာတွင် ပို၍ အသံကျယ်လာ၏။ လူသိများလူအများ လေးစားမှုရှိသော ပုဂ္ဂိုလ်ကြီးမှာ ကာကွယ်ဆေးလည်း နှစ်ကြိမ်ထိုးပြီးဖြစ်လျက် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရပြီး ကွယ်လွန်ခြင်းဖြစ်ပါသည်။

ထိုသတင်းသည် ဆိုရှယ်မီဒီယာများဖြစ်သော ဖေ့စ်ဘွတ်နှင့်တွစ်တာတို့မှတစ်ဆင့် တောမီးနှယ် ပျံ့နှံ့သွား၏။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုကို လက်မခံသူများ၊ ကန့်ကွက်သူများ (Anti-Vaxxers) အတွက် ခုတ်ဆီလောင်းပေးလိုက်သလို ဖြစ်သွားခဲ့၏။

သို့သော် သက်ကြီးရွယ်အို ဗိုလ်ချုပ်ကြီးပါဝယ်(လ်)မှာ ကင်ဆာရောဂါဝေဒနာပြင်းထန်စွာ ခံစားနေရရာမှ ထပ်ဆင့်ဝင်လာသော ကိုဗစ်-၁၉ ဒဏ်ကို မခံနိုင်ဘဲ ကွယ်လွန်ရကြောင်း သတင်းမှန်သည် လူထုကြားသို့မရောက်။ ဤကဲ့သို့ သတင်းမှန်မရောက်ခြင်းမှာလည်း “ယိုတမ်” ပြောသကဲ့သို့ အမေရိကန်တို့၏ ဝါသနာက သတင်းဆိုးတွေ ဖြန့်ခြင်းကို ဦးစားပေးခြင်းကြောင့်ဖြစ်ကြောင်း သိနိုင်၏။




ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကို အမီလိုက်၍ ကာကွယ်နိုင်ရန် သုတေသနပြုထုတ်လုပ်ထားသော ဆေးများမှာ ဘုရားဆေး၊ သိကြားဆေး မဟုတ်ချေ။ ဖြစ်ခြင်းပြီးပျောက်စေသော ဆေးများ မဟုတ်။ အကြိမ်ပြည့် ထိုးနှံပြီးသည့်အချိန်တွင်ပင် ရာနှုန်းပြည့်ကာကွယ်မှု မပေးနိုင်ဘဲ သုံးပုံ နှစ်ပုံခန့်သာ ကာကွယ်မှုပေးနိုင်၏။ သို့သော် ကူးစက်ခံရသည့်တိုင် ရောဂါပြင်းထန်မှုလျော့နည်းပြီး အသေအပျောက် အလွန်နည်း၏။ အသက်အရွယ်ကြီးသူ ရောဂါအခံရှိသူတို့မှာမူ ရောဂါဒဏ်ကို ခံနိုင်ရည်အားမရှိ။ ရောဂါပိုးဒဏ်ကို ခံနိုင်သည့်တိုင် ခန္ဓာကိုယ်တွင်းဖြစ်ပေါ်လာသော ကိုယ်ခံစွမ်းအားနှင့် ရောဂါပိုးတို့၏ ပြင်းထန်သော တိုက်ပွဲဒဏ်ကို မခံနိုင်သူများ ရှိပါ၏။

သတင်းမှားကိုမှ ရွေးချယ်၍ မျှဝေခြင်း (ရှယ်ခြင်း) ပြုလုပ်သူများမှာမူ အကြောင်းအကျိုးဆက်စပ် ရှင်းလင်းမှုတွေကို လေ့လာဖို့အချိန်လည်းမပေး၊ ဝါသနာလည်းမပါ၊ လက်မြန်ခြေမြန်နှင့် ခလုတ်နှိပ်လိုက်ရုံနှင့် ရှယ်ပြီးသား။ ရှယ်ရင်းရှယ်ရင်းနှင့် ထိုသတင်းသည် ကမ္ဘာပတ်ပြီးသား ဖြစ်သွားလေသည်။

### တစ်ဝက်မှန်သော သတင်းများ

လူ့သဘာဝက ကောလာဟလပြောရမှာ ဝါသနာပါပြီးသားဖြစ်၍ “ကြားပြီးပြီလား” ဟု စလိုက်လျှင်ပင် အံ့ဩထိတ်လန့်စရာ၊ မကြားဝံ့မနာသာ သတင်းစကားကို ကြားရတော့မည်။ ထင်ရှားလူသိများသူ(ဆယ်လီ)တို့၏သတင်း မှန် မမှန်ဖြန့်၏။ ယုံချင်ကြ၏။ တစ်ဝက်မှန်သော သတင်းများကိုမူ အချို့သော သတင်းမီဒီယာများက ရယူလုပ်စားသွားကြလေသည်။

“လုပ်စားသည်”ဟူသော စကားမှာ ဤခေတ် ဤအခါ၌ အံဝင်ခွင်ကျ ဖြစ်နေတော့၏။ ဈေးထိပ်ကစောင့်ပြီး ကောလာဟလဖြန့်သူမှာ ဝါသနာအရသာဖြစ်ပြီး တစ်ပြားတစ်ချပ်မျှ မရ။ ယခုကာလတွင်မူ စိတ်ဝင်စားစရာသတင်းမှာ ဝိနည်းရှောင် တစ်ဝက်မှန် သတင်းများနှင့် ပြည်သူပြည်သား သတင်းသမားများအဖြစ် အမှားလမ်းကြောင်းသို့ တွန်းပို့မှုများသည် ဂုဏ်သိက္ခာကို ရောင်းစားသွားလေပြီ။ လူကြိုက်များသော မမှန်သတင်းများအတွက် ချီးမြှင့်ပေးချင်သူများသည် လက်ယားလျက်ရှိနေကြလေပြီ။

“၂၀၂၀ ဧပြီလမှ ၂၀၂၁ ဧပြီလအတွင်း အမေရိကန်နိုင်ငံ၌ မူးယစ်ဆေးကြောင့် သေဆုံးမှု တစ်သိန်းကျော်(၁၀၀၃၀၆) ရှိပြီး ယခင်နှစ်ကထက် ၂၈ ဒသမ ၅ ရာခိုင်နှုန်း ပိုကြောင်း၊ ၅ မိနစ်အတွင်းမှာ တစ်ယောက်သေဆုံးနေသည့် သဘောဖြစ်ကြောင်း၊ စိတ်ကြွဆေးများနှင့် အွန်လိုင်း(Online)မှ ရောင်းချသော ဆေးတုများကြောင့်ဖြစ်ကြောင်း” AFP သတင်းဌာနက ဖော်ပြထားသည်ကို တွေ့ရပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အိမ်တွင်းပုန်းနေရသူများမှာ ကာလကြာရှည်သည်နှင့်အမျှ စိတ်ဖိစီးမှုများကြောင့် စိတ်ရောဂါအမျိုးမျိုးရကာ ထွက်ပေါက်ရှာကြပါသည်။ ထိုအထဲတွင် လူငယ်လေးများအတွက် Online မှလာသော သတင်းအချက်အလက်များကို ရှာဖွေရင်း ဒုက္ခရောက်ကြရပါသည်။ ဆိုရှယ်မီဒီယာအမျိုးမျိုးမှ ဖြန့်ချိလာသော သတင်းအမျိုးမျိုးသာမက ပစ္စည်းအမျိုးမျိုးတွေပါ အကန့်အသတ်မရှိ ရောင်းချလာကြရာတွင် အရွယ်မရောက်သေးသူများအတွက် အန္တရာယ် ဖြစ်လာပါသည်။

### ကလေးများအပေါ် ခေါင်းပုံဖြတ်

“Exploiting Children in the interest of Profit” “အမြတ်အစွန်းတစ်ခုတည်း ကြည့်၍ ကလေးများအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်နေကြသည်”ဟု မက်ဆာချူးဆက်ပြည်နယ် ရှေ့နေချုပ် မော်ရာဟေလီက ဖေ့စ်ဘွတ်(ယခုMeta)ကို စွပ်စွဲခဲ့၏။ အမေရိကန်ကလေးလူငယ်တို့ အကြိုက် “Instagram” မှာ Facebook ကုမ္ပဏီ၏ လက်ခွဲဖြစ်ပါသည်။

အထူးသဖြင့် ဆယ်ကျော်သက်အရွယ် မိန်းကလေးများအား စိတ်ရောကိုယ်ပါ ထိခိုက်စေခြင်း၊ လိင်အမြတ်ထုတ်ခံရခြင်းမှသည် မိမိကိုယ်ကို သတ်သေခြင်းအဆုံးဖြစ်အောင် တွန်းပို့ရာတွင် Instagram သည် အဓိကတရားခံဖြစ်ကြောင်း စွပ်စွဲမှုများ အမေရိကန်ပြည်တွင် ထွက်ပေါ်လျက်ရှိပါသည်။

ယခုမှ အမေရိကန်ပြည်မှာ အသံထွက်လာသော ပြဿနာဖြစ်သော်လည်း ကျွန်တော်တို့အနေနှင့် ၂၀၁၇ ခုနှစ်ကပင် တရားဝင် ဆွေးနွေးခဲ့ကြပြီးဖြစ်ပါသည်။ (၉)ကြိမ်မြောက်အဖြစ် ကျင်းပသော မဟာမဲခေါင်ဒေသ လူထုကျန်းမာရေးဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲတွင် ကျွန်တော်က “မြန်မာပြည်တွင်း မိန်းကလေးများအား လိင်အကြမ်းဖက်မှုများပြားလာခြင်းနှင့် ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်မှုပြဿနာကြီးမားလာခြင်းမှာ ဖေ့စ်ဘွတ်ကဲ့သို့ ဆိုရှယ်မီဒီယာများကြောင့်ဖြစ်ကြောင်း၊ အလွယ်တကူ ရရှိနေသော စိတ်ကြွဆေးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးများ၏ တွန်းပို့မှုကြောင့် လိင်အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာကြောင်း” ပြောခဲ့ပါသည်။ ကျွန်တော့်မှာ အထောက်အထားများလည်း ရှိပါသည်။

ကျွန်တော်၏ မှတ်ချက်များသည် တစ်ဝက်သာမှန်ပြီး ဖော်ပြချက် ထပ်မံအကျိုးပြုမှုများကို ပြောပြဖို့ ကျန်ခဲ့ကြောင်း ဆိုရှယ်မီဒီယာလုပ်ကိုင်နေသူတစ်ဦးတလေ လိုပါသည်။ ကျွန်တော့်မှာ ကိုယ်ပိုင်မီဒီယာရှိခဲ့လျှင်မူ ထိုတစ်ဝက်မှန် သတင်းကို လူထုထံပြန့်သွားအောင် ဖွပစ်လိုက်၍ ရပါသည်။ သို့သော် ဖေ့စ်ဘွတ်လို မီဒီယာမျိုးအတွက် အကျိုးရှိမည် မဟုတ်ပေ။

ဖေ့စ်ဘွတ်သာမက ဂူဂယ်လ်၏ လွှမ်းမိုးမှုကိုလည်း အမေရိကန်တို့က အပြစ်ဖို့နေကြပါသည်။ ဂူဂယ်လ်မှ ထုတ်ပေးသော (YouTube) ယူကျု အစီအစဉ်များသည် အမုန်းစကားများ၊ သတင်းအမှားများကို ဖေ့စ်ဘွတ်ကဲ့သို့ပင် ဖြန့်ချိအမြတ်ထုတ်နေကြောင်း ပြောလာကြ၏။ ၂၀၁၇ ခုနှစ်က သုတေသနတစ်ခုတွင် တစ်နှစ်အတွင်း ယူကျုအသုံးချမှု နာရီပေါင်း တစ်ဘီလီယံ (နာရီသန်းပေါင်း တစ်ထောင်) ကျော် ရှိကြောင်း ဖော်ပြခဲ့လေသည်။

ဆိုရှယ်မီဒီယာများ လူကြိုက်များအောင် နောက်ကွယ်မှ ဆောင်ရွက်မှု အမျိုးမျိုးရှိနေပါသည်။ ၂၀၁၈ ခုနှစ်တွင် ဖေ့စ်ဘွတ်ကုမ္ပဏီသည် Application အစီအစဉ်များအတွက် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံထုတ်ပေးခဲ့ပြီး ၂၀၁၉ တွင် ဒေါ်လာ ဘီလီယံပေါင်းများစွာ သုံးစွဲခဲ့ကြောင်း ထုတ်ဖော်သူများ ရှိလေသည်။ Google ကလည်း ယူကျုတင်သူများထဲတွင် လူကြိုက်များသော အစီအစဉ်များကို ငွေကြေးပံ့ပိုးခြင်း၊ ကြော်ငြာထည့်သွင်း ချီးမြှင့်ခြင်းများ အသုံးပြုခဲ့သည်ဟု ဆိုပါသည်။

မြန်မာပြည်တွင်လည်း ဆိုရှယ်မီဒီယာတစ်ခုဖြစ်သော TikTok အစီအစဉ်တွင် ပါဝင်ရင်း နာမည်ကျော်ကြား ချမ်းသာသွားသူ အချို့ရှိကြောင်း သိရ၏။ ဆိုရှယ်မီဒီယာထဲတွင် ဤသို့ဖြစ်ပျက်နေစဉ် တကယ့်ဘဝမှာ ရုန်းကန်နေရသော ရုပ်ရှင်လောကသားများမှာ အခက်အခဲများစွာ ကြုံတွေ့နေရ၏။ မိဘများမှာလည်း သားသမီးကို ပြောချင်သော အမှန်စကားများ ပြောခွင့်မကြုံ၊ ဆရာသမားများမှာလည်း တပည့်များအပေါ် ကုပ်ခွစီးထားသော ဆိုရှယ်မီဒီယာများကြားမှာ တိုး၍မပေါက်။

“အမှန်တရားက ဖိနပ်စီးနေချိန်တွင် မမှန်သတင်းများမှာ ကမ္ဘာတစ်ပတ် ပတ်ပြီးနေပြီ” ဟု အနောက်တိုင်း ဆိုရိုးစကားရှိပါသည်။

ကျွန်တော်တို့မှာတော့ အမှန်တရားမှာ စီးစရာဖိနပ်ပါ ပျောက်၍နေပေပြီ။ ။

**“အမြတ်အစွန်းတစ်ခုတည်းကြည့်၍ ကလေးများအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်နေကြသည်”ဟု မက်ဆာချူးဆက်ပြည်နယ် ရှေ့နေချုပ် မော်ရာဟေလီက ဖေ့စ်ဘွတ်(ယခုMeta)ကို စွပ်စွဲခဲ့၏။ အမေရိကန်ကလေးလူငယ်တို့ အကြိုက် “Instagram” မှာ Facebook ကုမ္ပဏီ၏ လက်ခွဲဖြစ်ပါသည်။ အထူးသဖြင့် ဆယ်ကျော်သက်အရွယ် မိန်းကလေးများအား စိတ်ရောကိုယ်ပါ ထိခိုက်စေခြင်း၊ လိင်အမြတ်ထုတ်ခံရခြင်းမှသည် မိမိကိုယ်ကို သတ်သေခြင်း အဆုံးဖြစ်အောင် တွန်းပို့ရာတွင် Instagram သည် အဓိကတရားခံဖြစ်ကြောင်း စွပ်စွဲမှုများ အမေရိကန်ပြည်တွင် ထွက်ပေါ်လျက်ရှိပါသည်**

**❐ သမိုင်းအစဉ်အဆက်နှင့် ယနေ့အချိန်ကာလအထိ ကြည့်မည်ဆိုလျှင် လက်ရှိ မိမိတို့နိုင်ငံတွင် လူဦးရေစာရင်းအရ သန်း ၅၀ ကျော် ရှိကြောင်း၊ အဆိုပါ သန်း ၅၀ ကျော်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းဟူသည့် တိုင်းရင်းသားလူမျိုးစု ၈ ခုနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ၁၃၀ ကျော်တို့သည် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု၌ အေးအတူပူအမျှ တိုင်းရင်းသားလူမျိုးပေါင်းစုံစုစည်း၍ တစ်မြေတည်းနေ တစ်ရေတည်းသောက် တစ်မိုးအောက်ထဲတွင် နေထိုင်လာခဲ့ကြသည်ကို မမေ့မပျောက်စေဘဲ ပြည်ထောင်စုနေ့ ဦးတည်ချက် ၅ ရပ်နှင့်အညီ စိန်ရတုအခမ်းအနားကြီးကို ကျင်းပသွားရမည်ဖြစ်ကြောင်း**

*❋ ကျောဖုံးမှ*

ဥက္ကဋ္ဌ၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကျန်ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ (၇၅)နှစ်မြောက် ဆိုသည့် အတိုင်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျင်းပပြုလုပ်မည့် ပြည်ထောင်စုနေ့သည် စိန်ရတု အခမ်းအနားဖြစ်သည့်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာအရ သတ်မှတ်ထားသည့် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထူးခြားခမ်းနားပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း။

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ရောက်ရှိခဲ့မှု သမိုင်းကြောင်းကို ကြည့်မည်ဆိုလျှင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဦးဆောင်၍ နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပြန်လည်ရရှိရေးတို့အတွက် တိုင်းရင်းသားများနှင့် စုစည်းကာ တောင်တန်းနှင့် ပြည်မ ပြန်လည်ပေါင်းစည်း၍ တစ်သွေးတစ်သားတည်းဖြစ်အောင် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ ပင်လုံညီလာခံကျင်းပကာ လွတ်လပ်ရေးကို ပြည်နယ်ပြည်မ မခွဲခြားဘဲ ရယူမည်ဆိုသည့် တစ်ညီတစ်ညွတ်တည်း စိတ်ဓာတ်ဖြင့် ပင်လုံစာချုပ်ကြီး ထွက်ပေါ်လာခဲ့ကြောင်း။

နိုင်ငံ၏ လွတ်လပ်ရေးရယူရန်အတွက် တိုင်းရင်းသားများအားလုံး စုစည်းညီညွတ်စွာ ပေါင်းစည်းမှုနှင့် စုစည်းအားများဖြင့်စတင်ခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်သည် တစ်နည်းအားဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုများ၏ စုစည်းညီညွတ်မှု သမိုင်းဝင် နေ့တစ်နေ့ဖြစ်ကြောင်း၊ နောင်လာနောက်သားများ၊ မျိုးဆက်သစ်လူငယ်များအားလုံး မမေ့မလျော့အောင် ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုနှစ်အနေဖြင့် ထူးခြားသည်မှာ (၇၅) နှစ်မြောက် စိန်ရတုဖြစ်သည့်အတွက် တာဝန်ထမ်းဆောင်ကြရသည့် ပုဂ္ဂိုလ်များအားလုံးနှင့် နိုင်ငံသူနိုင်ငံသားများ အားလုံးအနေဖြင့် စိန်ရတုအခမ်းအနားတွင် အားလုံးသိုက်သိုက်ဝန်းဝန်း၊ စည်စည်ကားကား ကျင်းပသွားရမည်ဖြစ်ကြောင်း။

သမိုင်းအစဉ်အဆက်နှင့် ယနေ့အချိန်ကာလအထိ ကြည့်မည်ဆိုလျှင် လက်ရှိ မိမိတို့နိုင်ငံတွင် လူဦးရေစာရင်းအရ သန်း ၅၀ ကျော် ရှိကြောင်း၊ အဆိုပါ သန်း ၅၀ ကျော်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်း ဟူသည့် တိုင်းရင်းသားလူမျိုးစု ၈ ခုနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ၁၃၀ ကျော်တို့သည် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု၌ အေးအတူပူအမျှ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်း၍ တစ်မြေတည်းနေ တစ်ရေတည်းသောက် တစ်မိုးအောက်ထဲတွင် နေထိုင်လာခဲ့ကြသည်ကို မမေ့မပျောက်စေဘဲ ပြည်ထောင်စုနေ့ ဦးတည်ချက် ၅ ရပ်နှင့်အညီ စိန်ရတု အခမ်းအနားကြီးကို ကျင်းပသွားရမည်ဖြစ်ကြောင်း။

မိမိတို့၏ မိဘဘိုးဘွားဘေးဘီဘင်လက်ထက်မှ ယခုအချိန်အထိနှင့် နောင်ကာလများတိုင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးအတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် မြန်မာဟူသော စိတ်ဓာတ်ဖြင့် စုစည်းညီညွတ်စွာ နေထိုင်ခဲ့ကြပါကြောင်း၊ ထိုသို့ စုစည်းနေထိုင်မှုကို မျိုးဆက်သစ်လူငယ်လူရွယ်များ အမှတ်ရသိရှိစေရန်နှင့် မြန်မာဆိုသည့် စိတ်ဓာတ် ကိန်းဝပ်နေစေရန် စိန်ရတုအဖြစ် ကျရောက်သော ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုက်တွန်းနှိုးဆော်ဖော်ထုတ် ပြသအသိပေးသွားကြရမည်ဖြစ်ကြောင်း။

အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီကို ကော်မတီဝင် ၁၄ ဦးဖြင့်လည်းကောင်း၊ စီမံခန့်ခွဲမှုကော်မတီအား အဖွဲ့ဝင် ၁၇ ဦးဖြင့် လည်းကောင်း၊ လုပ်ငန်းအဆင်ပြေစွာ အကောင်အထည်ဖော်နိုင်ရေး ဆပ်ကော်မတီ ၁၄ ခုကို လည်းကောင်း ဖွဲ့စည်းထားပါကြောင်း၊ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ကြရမည့် လုပ်ငန်းများကိုလည်း ကြိုတင်စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ ယနေ့အချိန်တွင် ကိုဗစ် - ၁၉ ရောဂါကူးစက်မှုနှုန်း ၂ ရာခိုင်နှုန်းအောက်ရောက်နေသော်လည်း ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ဗီဇမျိုးကွဲ၊ မျိုးရိုးဗီဇပြောင်းဗိုင်းရပ်စ် (အိုမီခရွန်) ပေါ်ပေါက်နေကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနကလည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ယခုအချိန်သည် နည်းသော်လည်း စိန်ရတုအခမ်းအနား ကျင်းပမည့်ရက်မှာ အချိန်ကာလအားဖြင့် ၂ လတာကာလရှိနေ၍ ပြောင်းလဲမှုများ ရှိနိုင်သည့်အတွက် ဆပ်ကော်မတီများအနေဖြင့် စိန်ရတုအခမ်းအနားကျင်းပသည့်အခါ အင်ပြည့်အားပြည့်ဖြင့် လည်းကောင်း ၊ အနည်းဆုံးအင်အားဖြင့် လည်းကောင်း ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်စီမံထားရန်လိုကြောင်း။

ပြည်ထောင်စုနေ့ အခမ်းအနားသည် စိန်ရတု မတိုင်မီ (၇၄) နှစ်မြောက်တိုင် ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် ကော်မတီများအနေဖြင့် မိမိတို့ လုပ်ငန်းအရ၊ အစည်းအဝေးဆုံးဖြတ်ချက်များအရ နှစ်စဉ်ဆောင်ရွက်ရသည့် အခမ်းအနားဖြစ်ကြောင်း၊ သို့သော် နှစ်စဉ်နှစ်တိုင်းဆောင်ရွက်ရသည့် အခမ်းအနားဖြစ်သော်လည်း မပေါ့မဆဘဲ လုပ်ဆောင်ကြရမည့် လုပ်ငန်းစဉ်များကို စိန်ရတုဟူသည့် ထူးခြားလေးနက်သည့် ခေါင်းစဉ်အောက်တွင် လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အခမ်းအနားအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထူးခြားလေးနက်ပြီး ခမ်းခမ်းနားနားကျင်းပသွားရန် လမ်းညွှန်ချက်ပေးထားပါကြောင်း၊ စိန်ရတု ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့အားလုံး အကြံကောင်း၊ ဉာဏ်ကောင်းများဖြင့် ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကျင်းပရေးဆပ်ကော်မတီများ ဖြစ်ကြသည့် လုံခြုံရေးဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ၊ ညှိခံကျွေးမွေးရေးဆပ်ကော်မတီ၊ နိုင်ငံတော်အလံတင်အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ၊ မြေစိုက်ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီ၊ ညစာစားပွဲဖျော်ဖြေရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေး ဆပ်ကော်မတီနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီးအတွင်းမှ ၂၀၂၂ ခုနှစ် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရရှိသူ စုစုပေါင်း ၃၄ ဦးရရှိ ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးတို့ ဘွဲ့တံဆိပ်များချီးမြှင့်အပ်နှင်း

**မန္တလေး ဒီဇင်ဘာ ၂**

၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ် ပရိယတ္တိသာသနာတက္ကသိုလ်(မန္တလေး)ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့်ဇနီး ဒေါ်ထားထားဦး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ၂၀၂၂ ခုနှစ် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရရှိသူ စုစုပေါင်း ၃၄ ဦး ရရှိခဲ့ပြီး အဆင့်မြင့်ဘွဲ့တံဆိပ်ရရှိသည့် လူပုဂ္ဂိုလ်များကို နေပြည်တော်၌ ချီးမြှင့်အပ်နှင်းပွဲကျင်းပပြီး ကျန်ဘွဲ့တံဆိပ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မန္တလေးတွင် ကျင်းပခြင်းဖြစ်ကြောင်း၊ သာသနာတော်မြတ်ကြီးကို စွမ်းစွမ်းတမံ စောင့်ရှောက်ပူဇော်ခြင်းကိုလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း သာသနာတော်မြတ်ကြီးအား ဆတက်ထမ်းပိုးတိုး၍ လှူဒါန်းသာသနာပြုနိုင်ကြပါစေ၊ လူသားတို့၏ အကျိုးကိုလည်းဆောင်ရွက်ကာ နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာမှ ပံ့ပိုးကူညီမှုဆောင်ရွက်ပေးနိုင်ကြပါစေဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်များ ချီးမြှင့်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးတို့က သီရိသုဓမ္မမဏိဇောတရဘွဲ့နှင့် သီဟသုဓမ္မမဏိဇောတရ ဘွဲ့တံဆိပ်ရရှိသူ အမျိုးသားသုံးဦးကို လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး ဒေါ်ထားထားဦးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများက သီရိသုဓမ္မသိင်္ဂီဘွဲ့၊ သီဟသုဓမ္မသိင်္ဂီနှင့် သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရရှိသူ အမျိုးသမီးများကိုလည်းကောင်း ချီးမြှင့်အပ်နှင်းကြသည်။

ယနေ့ပြုလုပ်သည့် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များ ချီးမြှင့် အပ်နှင်းသည့် အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့် အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ၁၈ ဦး၊ စုစုပေါင်း ၂၄ ဦးရှိသည့်အနက် အမျိုးသား သုံးဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၅ ဦးအား ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် ( ၁၆ / ၂၀၂၁) ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အစည်းအဝေး (၁၆ /၂၀၂၁) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးချစ်နိုင်၊ ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အစည်းအဝေး အမှတ်စဉ် (၁၅ /၂၀၂၁) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ကော်မတီသို့ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့တင်ပြလာသည့် အမှာစာကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးဌာနများမှ တင်ပြလာကြသည့် အမှာစာကိစ္စရပ်များကို ကော်မတီ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန် ကိစ္စရပ်များကို အတည်ပြုသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနက တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏ (၁၅ /၂၀၂၁) အစည်းအဝေးတွင် ကော်မတီဝင်များ၏ တင်ပြဆွေးနွေးချက်များအပေါ် အစည်းအဝေးဆုံးဖြတ်ချက်ပါ ဆောင်ရွက်ရမည့် ကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးရဲတင့်၊ ဒေါက်တာ အောင်ကြီး၊ ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများက တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် အမျိုးသားညွှန်ကိန်းမူဘောင်တို့နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂






**စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် အမျိုးသားညွှန်ကိန်းမူဘောင်တို့နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။** (ယာပုံ)

ဖွင့်ပွဲအခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းမှာ မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအတွက် အခြေပြအစီရင်ခံစာ (SDG Indicator Baseline Report 2017) တွင် ပါသည့် ညွှန်ကိန်းများကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ဖော်ပြရန်နှင့်အမျိုးသားညွှန်ကိန်းမူဘောင် အချက်အလက်အစီရင်ခံစာ (၂၀၂၁) (National Indicator Framework Status Report 2021) ကို ထုတ်ပြန်နိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်း ဖြစ်ပါကြောင်း။

## ကတိကဝတ်ပြုခဲ့

စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals–SDGs) ဆိုသည်မှာ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့နိုင်ငံအားလုံးအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးပုံဖော်နိုင်ရန် ရေးဆွဲထားသည့် ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းစဉ်တစ်ခု ဖြစ်ပါကြောင်း၊ SDGs Goals များကို ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီအောင် ဆောင်ရွက်ကြရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များက ၂၀၁၅ ခုနှစ်တွင် သဘောတူခဲ့ကြပါကြောင်း၊ ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည်လည်း SDGs များကို ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီအောင် ဆောင်ရွက်မည်ဟု ကတိကဝတ်ပြုခဲ့ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် SDGs ကို အကောင်အထည်ဖော် ဆောင်ရွက်သည့်နေရာတွင် လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေး၊ ကျား/မ တန်း တူညီမျှမှုရှိစေရေးတို့ကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

## ထုတ်ပြန်ကြေညာခဲ့

SDGs တွင် ပန်းတိုင် (Goal) ၁၇ ခု၊ ဦးတည်ချက် (Target) ၁၆၉ ခု ပါဝင်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများအနေဖြင့် အဆိုပါပန်းတိုင်များ၊ ဦးတည်ချက်များကို မည်မျှပြည့်မီအောင် ဆောင်ရွက်ပြီးကြောင်း အကဲဖြတ် တိုင်းတာရာတွင် အသုံးပြုနိုင်ရန်အတွက် ၂၀၁၇ ခုနှစ်တွင် ကျင်းပသည့် ကုလသမဂ္ဂ စာရင်းအင်းကော်မရှင် အစည်းအဝေး၌ ကမ္ဘာလုံးဆိုင်ရာ ညွှန်ကိန်းမူဘောင်ကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ အဆိုပါ မူဘောင်ကို အခြေခံပြီး မိမိတို့နိုင်ငံတွင်လည်း SDGs အကောင်အထည်ဖော် ဆောင်ရွက်မှုကို တိုင်းတာနိုင်ရန်အတွက် SDG Indicator Baseline Report ကို ၂၀၁၇ ခုနှစ်တွင် ပြုစုထုတ်ပြန်ခဲ့ပါကြောင်း။

## ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

ကုလသမဂ္ဂက ချမှတ်ထားသည့် SDGs များသည် ကမ္ဘာ့နိုင်ငံအားလုံးအတွက် ဘုံရည်မှန်းချက်အနေဖြင့် ရေးဆွဲထားခြင်းဖြစ်၍ နိုင်ငံတစ်နိုင်ငံချင်းစီ၏ လိုအပ်ချက်များ၊ ဦးစားပေး အစီအစဉ်များနှင့် လိုက်လျောညီထွေမှု ရှိသည်များပါသကဲ့သို့ လိုက်လျောညီထွေမှု မရှိသည်များလည်း ပါရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တခြားနိုင်ငံများနည်းတူ SDGs ကို လိုက်ပါအကောင်အထည်ဖော်ရာတွင် မိမိနိုင်ငံနှင့် ကိုက်ညီသော ဦးစားပေး လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ ရည်မှန်းချက်များနှင့် ကိုက်ညီစေရန် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း Myanmar Sustainable Development Plan (MSDP) ကို ၂၀၁၈ ခုနှစ်တွင် ရေးဆွဲထုတ်ပြန်ခဲ့ပါကြောင်း။

## ပူးပေါင်းဆောင်ရွက်ရန်လို

မိမိတို့နိုင်ငံသည် ဗဟိုချုပ်ကိုင်မှုလျှော့ချသော စာရင်းအင်းစနစ် (Decentralized Statistics System) ကို ကျင့်သုံးသည့်နိုင်ငံဖြစ်သည့်အတွက် စာရင်းအင်းအချက်အလက်များ ပြည့်စုံ၊ မှန်ကန်၊ တိကျပြီး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများက ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သို့မှသာလျှင် မိမိတို့နိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ်သည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ သက်ဆိုင်ရာဌာနများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် အမျိုးသားညွှန်ကိန်းမူဘောင် လုပ်ငန်းစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ အဆိုပါ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် အမျိုးသားညွှန်ကိန်းမူဘောင်တို့နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများကို ဒီဇင်ဘာ ၂ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ ကာလအတွင်း တစ်ကြိမ်လျှင် ၁၀ ရက်စီဖြင့် လေးကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်း (Life Expectancy at Birth)နှင့် လွှမ်းမိုးနေသော အချက်များ

ဆေးဝန်ထမ်းတစ်ဦး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization) အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းတွေ၊ နိုင်ငံတွင်းမှာရှိတဲ့ ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းတွေဟာ သက်ဆိုင်ရာနိုင်ငံရဲ့ ကျန်းမာရေးအဆင့်အတန်း တိုးတက်လာမှု၊ ဆုတ်ယုတ်လာမှုတွေကို မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်နေကြလေ့ရှိတယ်။ ဒီလိုလေ့လာစောင့်ကြည့်ရခြင်းဟာ အစိုးရတစ်ရပ်ရဲ့ မဖြစ်မနေ လုပ်ဆောင်ရမယ့် အချက်တစ်ခုလည်းဖြစ်တယ်။ ဒီလိုစောင့်ကြည့်တဲ့အခါမှာ အဓိကထား အသုံးပြုတိုင်းတာကြတာတွေကတော့ ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်း (Health Indicators) တွေပဲ ဖြစ်တယ်။ ဒီအညွှန်းကိန်းတွေကို သာမန်အားဖြင့် ကဏ္ဍကြီး (၈) ခုခွဲပြီး လေ့လာနိုင်တယ်။ အဲဒါတွေကတော့ သေဆုံးမှုဆိုင်ရာ အညွှန်းကိန်းများ (Mortality Indicators)၊ ရောဂါဖြစ်ပွားမှုဆိုင်ရာ အညွှန်းကိန်းများ (Morbidity Indicators)၊ ကျန်းမာရေးအဆင့်အတန်းဆိုင်ရာ အညွှန်းကိန်းများ (Health Status Indicators)၊ မသန်စွမ်းမှုဆိုင်ရာ အညွှန်းကိန်းများ (Disability Indicators)၊ အာဟာရ အဆင့်အတန်းဆိုင်ရာ အညွှန်းကိန်းများ (Nutrition Indicators)၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ အညွှန်းကိန်းများ (Social and Mental Indicators)၊ ကျန်းမာရေးစနစ်ဆိုင်ရာ အညွှန်းကိန်းများ (Health System Indicators)နဲ့ ကျန်းမာရေးစနစ်အပေါ် လွှမ်းမိုးနေသော အချက်များ (Health Determinants) တွေပဲ ဖြစ်ကြတယ်။ ဒီလို တွက်ချက်တဲ့ အခါတိုင်းမှာ မပါမဖြစ် ထည့်သွင်းတွက်ချက်ရမယ့် အညွှန်းကိန်းတစ်ခုကတော့ သေဆုံးမှုအညွှန်းကိန်းထဲမှာပါဝင်တဲ့ နိုင်ငံရဲ့ မျှော်မှန်းသက်တမ်း (Life Expectancy at Birth) ပဲ ဖြစ်တယ်။

## မျှော်မှန်းသက်တမ်းဆိုတာဘာလဲ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း အတိအကျ ပြောရမယ်ဆိုရင်တော့ မျှော်မှန်းသက်တမ်းဆိုတာဟာ လက်ရှိတိုင်းပြည်ရဲ့ သေဆုံးမှုနှုန်းတွေအတိုင်း အနာဂတ်မှာ ဆက်ဖြစ်နေမယ်ဆိုရင် ဒီနှစ်အတွင်းမှာ မွေးဖွားလာမယ့် ကလေးတစ်ယောက်ရဲ့ ပျမ်းမျှသက်တမ်းပဲ ဖြစ်တယ်လို့ဆိုရမယ်။ ဒါကြောင့် တိုင်းပြည်တစ်ပြည်ရဲ့ မျှော်မှန်းသက်တမ်းဆိုတာဟာ တိုင်းပြည်ထဲမှာရှိနေတဲ့ လူဦးရေတစ်ရပ်လုံးရဲ့ သေဆုံးမှုနှုန်းကို ရောင်ပြန်ဟပ်တယ်လို့ အကြမ်းဖျင်းဆိုနိုင်တယ်။ ဒီမှာပြောနေတဲ့ သေဆုံးမှုထဲမှာ ကလေး၊ ဆယ်ကျော်သက်၊ အရွယ်ရောက်ပြီးသူ၊ သက်ကြီးရွယ်အို အစရှိတဲ့အသက်အရွယ်အားလုံးရဲ့ သေဆုံးမှုနှုန်းကို ပြောခြင်းဖြစ်တယ်ဆိုတာကို နားလည်ထားရမယ်။ မျှော်မှန်းသက်တမ်းကို ပြောတဲ့အခါမှာ နိုင်ငံတွေအနေနဲ့ လူဦးရေတစ်ရပ်လုံးရဲ့ မျှော်မှန်းသက်တမ်းကို ပြောလေ့ရှိသလို အမျိုးသားနဲ့ အမျိုးသမီးကို ခွဲခြားပြီးလည်း ပြောလေ့ရှိတယ်။ သာမန်အားဖြင့်တော့ အမျိုးသမီးတွေရဲ့ မျှော်မှန်းသက်တမ်းဟာ အမျိုးသားတွေထက် ပိုလေ့ရှိတာကို တွေ့ရမှာဖြစ်တယ်။

## မျှော်မှန်းသက်တမ်းကို ဘယ်လိုတွက်ချက်ကြသလဲ

မျှော်မှန်းသက်တမ်းကို တွက်ချက်နိုင်တဲ့ ပုံသေနည်း (Formula) တွေ မျိုးစုံရှိပါတယ်။ ပုံသေနည်းတစ်ခုနဲ့တစ်ခု ကွဲပြားကြတဲ့အတွက် ထွက်လာတဲ့အဖြေတွေဟာလည်း အနည်းငယ်ကွာခြားမှုတွေ ရှိနိုင်ပါတယ်။ ဒါကြောင့် မျှော်မှန်းသက်တမ်းကို ပြောတဲ့အခါတိုင်းမှာ တူညီတဲ့ပုံသေနည်းက ရရှိလာတဲ့ အချက်တွေကိုပဲ ပြောဆိုရန် လိုပါတယ်။

မျှော်မှန်းသက်တမ်းကို တွက်ချက်ဖို့ဆိုရင် နိုင်ငံတိုင်းဟာ သက်ရှိဇယား (Life Table) ကို ဖော်ဆောင်ထားဖို့လိုတယ်။ ဒီဇယားထဲမှာ အသက်အုပ်စုတစ်ခုချင်းစီရဲ့ သေဆုံးနှုန်း၊ အသက်ရှင်သန်မှုနှုန်း၊ သေဆုံးနိုင်ခြေ အစရှိတဲ့ အချက်အလက်တွေ ပါဝင်တယ်။ ဒီအချက်အလက်တွေကို ဘယ်ကနေရသလဲဆိုရင် တစ်နှစ်အတွင်း နိုင်ငံတစ်ဝန်းလုံးမှာ မွေးဖွား၊ သေဆုံးခဲ့တဲ့သူတွေရဲ့ အချက်အလက်တွေကနေ ရတယ်လို့ပဲ ဆိုရမယ်။ ဒါတွေကို ဆေးရုံ၊ ဆေးခန်းတွေ၊ သုသာန်တွေကနေရတဲ့ မွေးစာရင်း၊ သေစာရင်းတွေကနေ ရနိုင်တယ်။ ဒီလိုရပြီဆိုရင်တော့ ဒါကို အခြေခံပြီးတော့ မျှော်မှန်းသက်တမ်းကို တွက်လို့ရပြီဖြစ်တယ်။ ဒီလိုမျိုး မွေးဖွားနှုန်း၊ သေနှုန်းတွေကို ထည့်သွင်းတွက်ချက်လိုက်တဲ့အခါမှာ လက်ရှိမြန်မာနိုင်ငံရဲ့ မျှော်မှန်းသက်တမ်းဟာ ၆၇ ဒသမ ၈ နှစ် ဖြစ်တယ်လို့ဆိုတယ်။ သဘောကတော့ ယခင်မွေးဖွားပြီးသောသူများနှင့် မသက်ဆိုင်ဘဲ ၂၀၂၂ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံမှာ မွေးဖွားလာတဲ့ ကလေးတစ်ယောက်ရဲ့ ပျမ်းမျှသက်တမ်းဟာ ၆၇ ဒသမ ၈ နှစ် ဖြစ်တယ်လို့ဆိုရမှာဖြစ်တယ်။ ဒီထက်ပိုပြီး ရှင်းလင်းရမယ်ဆိုရင် ဒီနိုင်ငံ၊ ဒီရေမြေ၊ ဒီကျန်းမာရေးစောင့်ရှောက်မှုစနစ်နဲ့ စားသောက်နေထိုင်မှု ပုံစံအခြေအနေမျိုးမှာ မွေးဖွားလာမယ့် ကလေးတစ်ဦးရဲ့ အသက်ရှင်နေထိုင်ရန် မျှော်မှန်းနိုင်မယ့် သက်တမ်းဟာ ၆၇ ဒသမ ၈ နှစ်ဖြစ်ပါတယ်။

❖ မွေးဖွားနှုန်း၊ သေနှုန်းတွေကို ထည့်သွင်းတွက်ချက်လိုက်တဲ့အခါမှာ လက်ရှိမြန်မာနိုင်ငံရဲ့ မျှော်မှန်းသက်တမ်းဟာ ၆၇ ဒသမ ၈ နှစ် ဖြစ်တယ်လို့ဆိုတယ်။ သဘောကတော့ ယခင်မွေးဖွားပြီးသောသူများနှင့် မသက်ဆိုင်ဘဲ ၂၀၂၂ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံမှာ မွေးဖွားလာတဲ့ ကလေးတစ်ယောက်ရဲ့ ၏ပျမ်းမျှသက်တမ်းဟာ ၆၇ ဒသမ ၈ နှစ် ဖြစ်တယ်လို့ဆိုရမှာ ဖြစ်တယ်။

❖ ယခင် ကြေးခေတ်၊ သံခေတ်မှာရှိတဲ့ ကမ္ဘာ့လူသားတွေရဲ့ မျှော်မှန်းသက်တမ်းကို ကြည့်လိုက်တဲ့အခါမှာ (၂၆) နှစ်ပဲရှိတယ်ဆိုတာကို တွေ့ရမှာဖြစ်တယ်။ ယခုအခါမှာတော့ တစ်ကမ္ဘာလုံးအတိုင်းအတာအနေနဲ့ လူတစ်ဦးချင်းစီရဲ့ မျှော်မှန်းသက်တမ်းဟာ (၆၇) နှစ်အထိကို တိုးတက်လာတာကို တွေ့ရမှာဖြစ်တယ်။




## မျှော်မှန်းသက်တမ်းရဲ့ သဘောသဘာဝ

ယခင် ကြေးခေတ်၊ သံခေတ်မှာရှိတဲ့ ကမ္ဘာ့လူသားတွေရဲ့ မျှော်မှန်းသက်တမ်းကိုကြည့်လိုက်တဲ့အခါမှာ (၂၆) နှစ်ပဲရှိတယ်ဆိုတာကို တွေ့ရမှာဖြစ်တယ်။ ယခုအခါမှာတော့ တစ်ကမ္ဘာလုံး အတိုင်းအတာအနေနဲ့ လူတစ်ဦးချင်းစီရဲ့ မျှော်မှန်းသက်တမ်းဟာ (၆၇) နှစ်အထိကို တိုးတက်လာတာကို တွေ့ရမှာဖြစ်တယ်။ ကမ္ဘာ့နိုင်ငံတွေရဲ့ မျှော်မှန်းသက်တမ်းကို နှစ်ကာလတွေအလိုက် လေ့လာကြည့်တဲ့အခါမှာ နိုင်ငံတွေရဲ့ မျှော်မှန်းသက်တမ်းဟာ ကြေးခေတ်၊ သံခေတ်ကနေ ၁၈၅၀ ခုနှစ်အထိ သိသာထင်ရှားတဲ့ ပြောင်းလဲမှု မရှိခဲ့တာကို တွေ့ရမယ်။ ၁၈၅၀ နောက်ပိုင်းမှာတော့ နိုင်ငံတွေရဲ့ မျှော်မှန်းသက်တမ်းတွေဟာ လျင်မြန်စွာ တိုးတက်လာခဲ့တာကို တွေ့ရတယ်။ အထူးသဖြင့် အနောက်ဥရောပနိုင်ငံတွေရဲ့ မျှော်မှန်းသက်တမ်းဟာ အခြားနိုင်ငံများထက် ပိုမိုလျင်မြန်စွာ တိုးတက်လာခဲ့တယ်။ ဒီလိုဖြစ်ရခြင်းဟာ စက်မှုတော်လှန်ရေးဖြစ်ပွားပြီးတဲ့နောက် နိုင်ငံတွေအနေနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပညာရေးမြင့်မားလာခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ် တိုးတက်ကောင်းမွန်လာခြင်းနဲ့ ဆေးသိပ္ပံပညာတွေ တိုးတက်လာခြင်းတို့ကြောင့်ပဲ ဖြစ်တယ်။

၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံတွေရဲ့ မျှော်မှန်းသက်တမ်းကို လေ့လာလိုက်တဲ့အခါမှာ အာဖရိကတိုက်မှာရှိတဲ့ ဆွာဇီလန်နိုင်ငံ (Swaziland) ရဲ့ မျှော်မှန်းသက်တမ်းဟာ (၄၉) နှစ်ဖြစ်နေတဲ့ အချိန်မှာ ဂျပန်နိုင်ငံရဲ့ မျှော်မှန်းသက်တမ်းကတော့ (၈၃) နှစ်အထိ ဖြစ်နေတာကို တွေ့ရမှာဖြစ်တယ်။ ၂၀၂၂ ခုနှစ်မှာရှိတဲ့ ဆွာဇီလန်နိုင်ငံရဲ့ ငါးနှစ်အောက်ကလေး သေနှုန်းကို ကြည့်လိုက်တဲ့ အခါမှာတော့ လူတစ်ထောင် အရှင်မွေးတိုင်းမှာ ငါးနှစ်အောက်ကလေး ၄၉၄ ဦး သေဆုံးလေ့ရှိပြီး ဂျပန်နိုင်ငံကတော့ လူတစ်ထောင် အရှင်မွေးတိုင်းမှာ ၂ ဒသမ ၃ ဦးပဲ သေဆုံးမှုရှိတာကို တွေ့ရမှာ ဖြစ်တယ်။ ဒီအချက်က ဘာကို သက်သေပြနေလဲဆိုရင် နိုင်ငံတစ်နိုင်ငံရဲ့ မျှော်မှန်းသက်တမ်းကို လွှမ်းမိုးနေတဲ့ သေဆုံးနှုန်းတွေ အများကြီးထဲမှာ အဓိကလွှမ်းမိုးနေတဲ့အချက်ကတော့ နိုင်ငံအတွင်းမှာရှိတဲ့ ငါးနှစ်အောက် ကလေးသေနှုန်းပဲ ဖြစ်တယ်လို့ ဆိုရမှာ ဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ ငါးနှစ်အောက် ကလေးသေနှုန်းဟာ UNICEF ရဲ့ တွက်ချက်မှုအရ ကလေးအရှင် ၁၀၀၀ မွေးတိုင်း ၄၄ ဒသမ ၇ ဦး ရှိ တယ်ဆိုတာကို သတိပြုဖို့လိုတယ်။ ဒါ့အပြင် မီးဖွားစဉ် ကလေးသေနှုန်းနဲ့ မွေးကင်းစကလေးသေနှုန်းတို့ မြင့်မားခြင်းကလည်း မျှော်မှန်းသက်တမ်းကို လျော့ကျစေပါတယ်။

နိုင်ငံတွေရဲ့ မျှော်မှန်းသက်တမ်းဟာ နိုင်ငံရဲ့ လူသားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း (Human Development Index) ကို တိုင်းတာရာမှာလည်း အရေးကြီးတယ်။ လူသားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းကို တိုင်းတာတဲ့အခါမှာ အကြောင်းအရာ သုံးခုကို အခြေပြုတိုင်းတာလေ့ရှိတယ်။ အဲဒါတွေကတော့ နိုင်ငံသားတွေရဲ့ သက်ရှည်ကျန်းမာမှု အခြေအနေ (Long and Healthy Life)၊ ပညာရေး အခြေအနေ (Education) နဲ့ နေထိုင်မှု အဆင့်အတန်း (Standard of Living) တို့ပဲဖြစ်ကြတယ်။ အဲဒီအထဲက နိုင်ငံသားတွေရဲ့ သက်ရှည်ကျန်းမာမှုကို ဖော်ပြတဲ့အခါမှာ နိုင်ငံရဲ့ မျှော်မှန်းသက်တမ်းနဲ့ ပြောလေ့ရှိတာကို တွေ့ရမှာဖြစ်တယ်။ ဒါကြောင့် နိုင်ငံရဲ့ မျှော်မှန်းသက်တမ်းကို မှန်ကန်စွာ တွက်ချက်ခြင်းနဲ့ သိရှိခြင်းဟာ မူဝါဒရေးဆွဲသူများအတွက် အလွန်အရေးကြီးတဲ့ အချက်ဖြစ်တယ်ဆိုတာကို ဂရုပြုဖို့လိုပါတယ်။ ဒါမှသာ နိုင်ငံရဲ့ ကျန်းမာရေးကဏ္ဍတွေကို စီမံခန့်ခွဲတဲ့နေရာမှာ မှန်ကန်တဲ့ မူဝါဒတွေကို ဖော်ဆောင်နိုင်မှာ ဖြစ်တယ်။

## မျှော်မှန်းသက်တမ်းကို လွှမ်းမိုးနေတဲ့ အချက်များ

နိုင်ငံတွေရဲ့ မျှော်မှန်းသက်တမ်းကို လွှမ်းမိုးနေတဲ့ အချက်တွေ များစွာရှိတယ်။ အဲဒီအချက်တွေကတော့ နိုင်ငံရဲ့ လူမှုစီးပွား အဆင့်အတန်း (Socioeconomic Status)၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုစနစ် (Healthcare System)၊ နိုင်ငံတွင်းမှာရှိတဲ့ လူတွေရဲ့ ကျန်းမာရေးဆိုင်ရာ အပြုအမူ၊ အနေအထိုင် (Health Behaviors)၊ မျိုးဗီဇ အချက်အလက် (Genetic Factors) နဲ့ ပတ်ဝန်းကျင်ဆိုင်ရာအချက်အလက် (Environmental Factors) တို့ပဲ ဖြစ်ကြတယ်။

ဒီအထဲက လူမှုစီးပွားအဆင့်အတန်းထဲမှာဆိုရင် အလုပ်အကိုင်ရရှိမှုနှုန်း၊ တစ်ဦး ချင်းဝင်ငွေ၊ လျှပ်စစ်မီးရရှိမှု၊ ပညာရေးနဲ့ စီးပွားရေးဆိုင်ရာ အခြေအနေတွေ ပါဝင်ကြမှာဖြစ်တယ်။ ကျန်းမာရေးဆိုင်ရာ အပြုအမူထဲမှာဆိုရင် ဆေးလိပ်၊ အရက်သောက်သုံးမှုနှုန်း၊ အာဟာရချို့တဲ့မှုနဲ့ ကိုယ်လက်လှုပ်ရှားမှုစတဲ့အခြေအနေတွေ ပါဝင်မှာ ဖြစ်တယ်။ ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်ထဲမှာတော့ ရာသီဥတုသမမျှတမှု၊ လူနေသိပ်သည်းမှု၊ သန့်ရှင်းသောသောက်သုံးရေရရှိမှု၊ လေထုအရည်အသွေးနဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေး အခြေအနေတွေ ပါဝင်မှာဖြစ်တယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# နိုင်ငံတော်၏ရရန်ရှိများ နစ်နာမှုမရှိစေရေးနှင့် ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စစ်ဆေးဖော်ထုတ်ခြင်း ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဒီဇင်ဘာ ၂

**ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်တိုင်းဒေသကြီး/ ပြည်နယ်(တာဝန်ခံ) ညွှန်ကြားရေးမှူးများ၏ ၂၀၂၁ ခုနှစ် ဇွန်လမှ နိုဝင်ဘာလအထိ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ (၂/၂၀၂၁)ကို ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်) စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေးစည်းမျဉ်းများနှင့်အညီ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)

ဆွေးနွေးပွဲ ပထမနေ့တွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေပုဒ်မ-၁၁ (က၊ခ)အရ ဘဏ္ဍာရေးစာရင်း စစ်ဆေးခြင်းဖြစ်သည့် နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော်ဆောင်ရွက်မှုစစ်ဆေးခြင်းကို အဓိကထား စစ်ဆေးလျက်ရှိသည့်အပြင် ဥပဒေပုဒ်မ-၁၁(ဂ၊ ဃ၊ င)အရ အစိုးရဌာန အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံအင်အားတို့သည် လုပ်ငန်းတာဝန်နှင့် လျော်ကန်မျှတမှု၊ ဝန်ထမ်းခန့်ထားမှုသည် ခွင့်ပြုအင်အားအတွင်း ရှိ/မရှိ၊ ပုဒ်မ-၁၁(စ)အရ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းအရ သတ်မှတ်ထားသည့် စာရင်းထားသိုပုံနည်းစနစ်နှင့်အညီ ကျင့်သုံးခြင်း ရှိ/မရှိ စသည့် ဥပဒေပုဒ်မ-၁၁(က မှ ရ) အထိ ပြဋ္ဌာန်းချက် (၂၇) ချက်နှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများသည်လည်း ပုဒ်မ-၂၅(ကမှဋ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ ရရန်ရှိများ နစ်နာမှုမရှိစေရေးနှင့် ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးတို့အတွက် မသမာမှုများ၊ အလွဲသုံးစားမှုများ၊ စည်းမျဉ်းမကျနမှုများ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုအားနည်းခြင်းကြောင့် အချိန်မီ မပြီးစီးမှုများနှင့် လုပ်ငန်းပြန်လည်အပ်နှံမှုများကို နိုင်ငံတကာစာရင်းစစ် စံများနှင့်အညီ စစ်ဆေးဖော်ထုတ်ခြင်းကို ဆောင်ရွက်လျက် ရှိပါကြောင်း။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက်များကို အစီရင်ခံစာ ထုတ်ပြန်တင်ပြရမည်ဖြစ်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (ရုံးချုပ်)၏ စစ်ဆေးတွေ့ရှိချက်များကို အတွဲ(၁)အနေဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၏ စစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာအစီရင်ခံစာများ ပူးတွဲ၍ အတွဲ(၂)အနေဖြင့် လည်းကောင်း တင်ပြသွားမည်ဖြစ်သဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများကို အချိန်မီတင်ပြရန်လိုအပ်ကြောင်း၊ အစီရင်ခံစာရေးသားရာတွင် စစ်ဆေးရမည့်အဖွဲ့အစည်းများက တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် လိုက်နာဆောင်ရွက်နိုင်စေရေးအတွက် စစ်ဆေးတွေ့ရှိချက်များကို ခိုင်လုံသည့်အထောက်အထားများဖြင့် သက်ဆိုင်ရာတာဝန်ရှိသူအား ဖော်ထုတ်၍ ရှင်းလင်းတိကျစွာ ရေးသားတင်ပြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက်တက်ရောက်လာကြသော ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ တာဝန်ခံညွှန်ကြားရေးမှူးများက စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများ၊ ဝန်ထမ်းအင်အား အခြေအနေများ၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြဆွေးနွေးကြသည်။

ယနေ့တွင် ဆွေးနွေးပွဲ ဒုတိယနေ့ကို ဆက်လက်ကျင်းပရာ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် နေပြည်တော်စာရင်းစစ်ရုံးတို့က တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး(ရုံးချုပ်)ရှိစစ်ဆေးရေးဌာနခွဲ ညွှန်ကြားရေးမှူးများက စစ်ဆေးရေးဆိုင်ရာများကို တင်ပြကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်များ (စစ်ဆေးရေး)နှင့် ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)တို့က စစ်ဆေးရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များအပေါ် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/သုတေသန)က စီမံနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်က e-government နှင့် IT ဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က စစ်ဆေးရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တန့်ဆည်မြို့နယ်အတွင်းရှိ PDF အမည်ခံအကြမ်းဖက်လက်နက်ကိုင်များက အပြစ်မဲ့အရပ်သား ပြည်သူအမျိုးသမီးလေးဦးအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ အမျိုးသမီးနှစ်ဦးအား ရက်စက်စွာမီးရှို့သတ်ဖြတ်

**နေပြည်တော် ဒီဇင်ဘာ ၂**

အကြမ်းဖက်သမားများသည် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် လည်းကောင်း၊ အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူလူထုများအား “သူလျှို၊ ဒလန်” ဟု စွပ်စွဲ၍ လည်းကောင်း၊ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများအား အဓိပ္ပာယ်မဲ့ ပြုမူလုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။

ထိုသို့အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လျက်ရှိရာ နိုဝင်ဘာ ၃၀ ရက် ည ၁၂ နာရီ ၅ မိနစ်တွင် တန့်ဆည်မြို့နယ် ကျွန်းတောကုန်းကျေးရွာအတွင်းသို့ ဒေါင့်ကြီးကျေးရွာဘက်မှ PDF အကြမ်းဖက်သမား ၂၀ ခန့်က လက်နက်များကိုယ်စီကိုင်ဆောင်ကာ ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး အဆိုပါကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတိုက်ငွေ(၆၂နှစ်) (ဘ)ဦးဖိုးဆောင်၏ နေအိမ်ခြံဝင်းအတွင်းဝင်ရောက်ကာ ဦးတိုက်ငွေအား သတ်ဖြတ်ရန်အတွက် ရှာဖွေခဲ့ကြောင်း၊ ဦးတိုက်ငွေအား မတွေ့ရှိရသဖြင့် အဆိုပါခြံဝင်းအတွင်း၌ နေထိုင်ကြသည့် ဦးတိုက်ငွေ၏ ညီမဝမ်းကွဲဖြစ်သူ ဒေါ်တင်ထွေး (၅၅နှစ်) (ဘ)ဦးဘမောင်၏ နေအိမ်အတွင်းဝင်ရောက်ကာ ဒေါ်တင်ထွေး အပါအဝင် ၎င်းအိမ်တွင် နေထိုင်လျက်ရှိသည့် ဒေါ်တင်ထွေး၏ တူမများဖြစ်သော ဒေါ်ဝင်းမာ (၄၀နှစ်) (ဘ)ဦးကံမြင့်၊ ဒေါ်ရှမ်း(၃၅နှစ်) (ဘ)ဦးကံအေးနှင့် ဒေါ်တင်ထွေး၏မြေးဖြစ်သူ မစနေမ(ခ)မနွယ်ဇင်လင်း(၂၀နှစ်) (ဘ)ဦးမင်းဌေးတို့ လေးဦးအား အကြမ်းဖက်သူများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း၊ ထို့နောက် တစ်ဝင်းတည်းနေ ဦးတိုက်ငွေ၏ အစ်မဝမ်းကွဲတော်စပ်သူ ဒေါ်ခင်နှင်း(၆၅နှစ်) (ဘ)ဦးဘခက်၏ နေအိမ်သို့ ထပ်မံဝင်ရောက်ကာ ၎င်းနေအိမ်တွင် နေထိုင်လျက်ရှိသည့် ဒေါ်ခင်နှင်း၏ ညီမများဖြစ်ကြသော ဒေါ်ခင်တိုး (၅၀နှစ်)နှင့် ဒေါ်ခင်ဝင်း (၄၅နှစ်တို့) နှစ်ဦးအား နေအိမ်အတွင်း ပိတ်လှောင်ကာ ဒေါ်ခင်နှင်း၏ နေအိမ်နှင့် ဦးတိုက်ငွေတို့၏ နေအိမ်များအား မီးရှို့ဖျက်ဆီးကာ ဒေါင့်ကြီးကျေးရွာဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။



အကြမ်းဖက်သမားများ၏ ရက်စက်စွာ သတ်ဖြတ်မီးရှို့ခဲ့မှုများကြောင့် ဒေါ်ခင်တိုးနှင့် ဒေါ်ခင်ဝင်းတို့နှစ်ဦးမှာ နေအိမ်အတွင်း မီးလောင်ကျွမ်း၍လည်းကောင်း၊ ဒေါ်တင်ထွေး၊ ဒေါ်ဝင်းမာ၊ ဒေါ်ရှမ်းနှင့် မစနေမ(ခ)မနွယ်ဇင်လင်းတို့ လေးဦးမှာ ကျည်ထိမှန်ဒဏ်ရာများဖြင့်လည်းကောင်း သေဆုံးခဲ့ကြပြီး ဦးတိုက်ငွေ ပိုင်ဆိုင်သည့် သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း နှစ်ထပ်တိုက်တစ်လုံးနှင့် ဒေါ်ခင်နှင်း ပိုင်ဆိုင်သည့် သွပ်မိုး၊ ပျဉ်ကာ နှစ်ထပ်နေအိမ်တစ်လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထိုကဲ့သို့ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အား ထောက်ခံအားပေးမှုမရှိဘဲ အေးချမ်းစွာ နေထိုင်လျက်ရှိသော အပြစ်မဲ့အရပ်သား ပြည်သူများအား “သူလျှို၊ ဒလန်”ဟုစွပ်စွဲကာ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းများအား ဆင်ခြင်တုံတရား ကင်းမဲ့စွာဖြင့် ပြုလုပ်လျက်ရှိသဖြင့် ၎င်းအကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ ဖော်ထုတ်အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

လုယက်ခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့မှ နိုဝင်ဘာ ၃၀ ရက်အထိ **တယ်လီဖုန်းတာဝါတိုင် ၄၀၉ ခုတို့** ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်းတွေ့ရှိရသည်-

**၁-၂-၂၀၂၁ ရက်နေ့မှ ၃၀-၁၁-၂၀၂၁ ရက်နေ့ထိ တယ်လီဖုန်းတာဝါတိုင် ဖျက်ဆီးမှုစာရင်း**

| စဉ် | ပြည်နယ်/ တိုင်း | မြို့နယ် ကျေးရွာ | ဖျက်ဆီးမှု | | တယ်လီဖုန်း တာဝါတိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | အစိုးရ | ပုဂ္ဂလိက | | |
| ၁ | နေပြည်တော် | တပ်ကုန်း၊ ဒဟတ်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ကေဘယ်ကြိုးများ ဖြတ်တောက်ဖျက်ဆီးခံရမှု |
| ၂ | ကချင် | မိုးညှင်းမြို့နယ်၊ ပင်းဟဲကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ခြံစည်းရိုး တံခါးအား ဖျက်ဆီးဝင်ရောက်မှု |
| ၃ | ကချင် | မြစ်ကြီးနား တပ်ကုန်းရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | တာဝါတိုင် ဖျက်ဆီးခံရမှု၊ |
| ၄ | ကချင် | ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၅ | ကချင် | ဖားကန့်၊ ကျောက်သွေးတောင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခံရမှု |
| ၆ | ကချင် | ဖားကန့် ဆိုင်းရာရွာသစ် | - | ၁ | TELENOR တာဝါတိုင် | တာဝါတိုင်အား ဖျက်ဆီးခံရမှု |
| ၇ | ကချင် | ရွှေကူ မြို့ကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၈ | ကချင် | ရွှေကူ၊ ရေလဲကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၉ | ကချင် | ရွှေကူ၊ စင်းဖုတ်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲ/မီးရှို့ ဖျက်ဆီးခံရမှု |
| ၁၀ | ကချင် | ရွှေကူ၊ ရေလဲကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၁၁ | ကယား | ဒီးမော့ဆိုမြို့နယ်၊ ဒေါင်ရောက်ရွာ | - | ၁ | MYTEL တာဝါတိုင် | စက်ခန်းအား ဖျက်ဆီးခံရမှု |
| ၁၂ | ကရင် | ဖားအံမြို့နယ်၊ ညောင်ပင်စုရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၁၃ | ကရင် | ကြာအင်းဆိပ်ကြီး၊ ထိမံထိုးရွာ | - | ၄ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၁၄ | ကရင် | ကြာအင်းဆိပ်ကြီး ကျောက်ဘီလူးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၁၅ | ကရင် | ကြာအင်းဆိပ်ကြီးဘုရားသုံးဆူ | ၁ | - | MPT တာဝါတိုင် | မိုင်းဖောက်ခွဲခံရမှု |
| ၁၆ | ကရင် | ကြာအင်းဆိပ်ကြီး၊ချောင်းဆုံကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၇ | ကရင် | ကြာအင်းဆိပ်ကြီး၊ သံပုရာကျေးရွာ | - | ၁ | Telenor ဆသရပစ္စည်း | ခိုးယူဖျက်ဆီးခံရမှု |
| ၁၈ | ကရင် | ကြာအင်းဆိပ်ကြီး ကွင်းကလေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၉ | ကရင် | ကြာအင်းဆိပ်ကြီး လန်ဖားကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၀ | ချင်း | တီးတိန်၊ လွယ်ဘွားလ်ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | မိုင်းထောင်ဖျက်ဆီးခံရမှု |
| ၂၁ | ချင်း | တီးတိန်၊ ထုတ်လိုင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးမှု |
| ၂၂ | ချင်း | မတူပီ၊ ရေဇွာမြို့ | - | ၁ | MYTEL တာဝါတိုင် | မိုင်းထောင် ဖောက်ခွဲဖျက်ဆီးမှု |
| ၂၃ | ချင်း | တွန်းဇံ ခေါဝုန်လေးဆန် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၄ | ချင်း | တွန်းဇံ ရှာလ်ထော်ဇန်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၅ | စစ်ကိုင်း | ဝက်လက်မြို့၊ ဖက်သန်းရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၆ | စစ်ကိုင်း | ကနီမြို့၊ မိုးကောင်းရွာ | - | ၁ | MYTEL တာဝါတိုင် | ဓားဖြင့်ဖျက်ဆီးခံရမှု |
| ၂၇ | စစ်ကိုင်း | မင်းကင်းမြို့နယ်၊ ကျောက်ခဲတက်ကျေးရွာ | ၁ | - | MPT တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၈ | စစ်ကိုင်း | ရေဦးမြို့၊ ဇေယျဝတီရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၉ | စစ်ကိုင်း | ယင်းမာပင်မြို့၊ ရွှေလျှံ(န)ရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၀ | စစ်ကိုင်း | ဝက်လက်မြို့၊ အုတ်ဖိုကုန်းရွာ | - | ၁ | Telenor တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၁ | စစ်ကိုင်း | ဘုတလင်ဘုန်းကြီးကျောင်း | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၂ | စစ်ကိုင်း | ဘုတလင်၊ ရုံးတောကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | သေနတ်ဖြင့် ပစ်ခတ် ဖျက်ဆီးခံရမှု |
| ၃၃ | စစ်ကိုင်း | တန့်ဆည်၊ သစ္စေးပင်လှရွာ | - | ၁ | MYTEL တာဝါတိုင် | ဗုံးခွဲဖျက်ဆီးခံရမှု |
| ၃၄ | စစ်ကိုင်း | ပုလဲ၊ ခေါ်သန္တိကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၃၅ | စစ်ကိုင်း | ပုလဲ၊ တောင်ရွာသစ်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၃၆ | စစ်ကိုင်း | ကန့်ဘလူ၊ အုတ်ဖိုကျေးရွာ | ၁ | - | MPT/TELENOR တာဝါတိုင်သုံးမီးစက် | ဖောက်ခွဲခံရမှု |
| ၃၇ | စစ်ကိုင်း | ပုလဲ၊ ထန်းကင်းကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၈ | စစ်ကိုင်း | အရာတော် နွားမသင်း(ရ)ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၉ | စစ်ကိုင်း | အရာတော် ရေယိုကျေးရွာ | ၁ | - | MPT တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၄၀ | စစ်ကိုင်း | အရာတော် ထန်းတောကုန်းရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၄၁ | စစ်ကိုင်း | အရာတော် ညောင်ခြေထောက် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၄၂ | စစ်ကိုင်း | အရာတော် ညောင်ပင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၄၃ | စစ်ကိုင်း | တန့်ဆည် ထောင်သွင်းရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၄၄ | စစ်ကိုင်း | တန့်ဆည် ကံသစ်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၄၅ | စစ်ကိုင်း | ဘုတလင်မြို့ လွှဲတဲကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၄၆ | စစ်ကိုင်း | ဘုတလင်မြို့ ညောင်ကန်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၄၇ | စစ်ကိုင်း | ဘုတလင်မြို့ ဘုန်းကြီးလမ်းခွဲ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၄၈ | စစ်ကိုင်း | ဘုတလင်မြို့ ယုန်လှေးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၄၉ | စစ်ကိုင်း | ဘုတလင်မြို့ ရုံးတောကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၅၀ | စစ်ကိုင်း | ဘုတလင်မြို့ အောင်သာရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၅၁ | စစ်ကိုင်း | ဘုတလင်မြို့ မကျီးအုပ်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၅၂ | စစ်ကိုင်း | ဘုတလင်မြို့ သခွတ္တနယ်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၅၃ | စစ်ကိုင်း | ဘုတလင်မြို့ ကူတော်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၅၄ | စစ်ကိုင်း | ဘုတလင်မြို့ ဝက်ရဲကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၅၅ | စစ်ကိုင်း | ကနီမြို့ နတ်လာပို့(မ)ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၅၆ | စစ်ကိုင်း | ကနီမြို့ ရသယာကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၅၇ | စစ်ကိုင်း | ကနီမြို့ အုမ္မကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၅၈ | စစ်ကိုင်း | ယင်းမာပင်မြို့ ဘန့်ဘွေ့ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၅၉ | စစ်ကိုင်း | ပုလဲ သီတင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၆၀ | စစ်ကိုင်း | တန့်ဆည်၊ စက်တိုးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးမှု |
| ၆၁ | စစ်ကိုင်း | ကန့်ဘလူ၊ ပိတောက်ပင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲ ဖျက်ဆီးမှု |
| ၆၂ | စစ်ကိုင်း | ပင်လည်ဘူး၊ ပေပင်စုကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးမှု |
| ၆၃ | စစ်ကိုင်း | ရေဦး၊ မကျီးတောကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၆၄ | စစ်ကိုင်း | ပုလဲ၊ ပုပ္ပားကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၆၅ | စစ်ကိုင်း | ပုလဲ၊ ဇီးတွောင့်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၆၆ | စစ်ကိုင်း | အရာတော်၊ ခင်သာကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၆၇ | စစ်ကိုင်း | အရာတော်၊ ရွာသာကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၆၈ | စစ်ကိုင်း | အရာတော်၊ ရွာသစ်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၆၉ | စစ်ကိုင်း | အရာတော်၊ ကြာပင်လှကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲမှု |
| ၇၀ | စစ်ကိုင်း | အရာတော်၊ ဝါးရောင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲမှု |
| ၇၁ | စစ်ကိုင်း | ကလေး၊ လှိုင်သာယာရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲမှု |
| ၇၂ | စစ်ကိုင်း | မြင်းမူ၊ မဲနေ့ာကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးမှု |
| ၇၃ | စစ်ကိုင်း | ဆားလင်းကြီး၊ မြင်းခြံဘွားကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းဖောက်ခွဲမှု |
| ၇၄ | စစ်ကိုင်း | ဆားလင်းကြီး၊ ဖောင်းတကာကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၇၅ | စစ်ကိုင်း | ခင်ဦး၊ တပင်ကောင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲ ဖျက်ဆီးမှု |
| ၇၆ | စစ်ကိုင်း | ထီးချိုင့် အင်းတိန်းကျေးရွာ | - | ၁ | TELENOR တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၇၇ | စစ်ကိုင်း | ခင်ဦး မဒေါင်းလှကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဗုံးဖြင့် ဖျက်ဆီးခံရမှု |
| ၇၈ | စစ်ကိုင်း | ခင်ဦး တပင်ကောင်းရွာ | - | ၁ | MYTEL တာဝါတိုင် | ဗုံးဖြင့် ဖျက်ဆီးခံရမှု |
| ၇၉ | စစ်ကိုင်း | ကန့်ဘလူ ပေါက်စိန်ကုန်း | - | ၁ | MYTEL တာဝါတိုင် | ဗုံးဖြင့် ဖျက်ဆီးခံရမှု |
| ၈၀ | စစ်ကိုင်း | တန့်ဆည် ကိုးတောင်ဘို့ရွာ | - | ၁ | MYTEL တာဝါတိုင် | ဗုံးဖြင့် ဖျက်ဆီးခံရမှု |
| ၈၁ | စစ်ကိုင်း | တန့်ဆည် မူးခွကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဗုံးဖြင့် ဖျက်ဆီးခံရမှု |
| ၈၂ | စစ်ကိုင်း | ကလေး ပေါက်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဗုံးဖြင့် ဖျက်ဆီးခံရမှု |
| ၈၃ | စစ်ကိုင်း | ခင်ဦး ချောင်းဆုံကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၈၄ | စစ်ကိုင်း | ယင်းမာပင် ရင်ဘောင်တိုင်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၈၅ | စစ်ကိုင်း | ကျွန်းလှ ရွာဘင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၈၆ | စစ်ကိုင်း | တန့်ဆည် ပကာကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၈၇ | စစ်ကိုင်း | တန့်ဆည် နဘက်ကြီးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၈၈ | စစ်ကိုင်း | ကန့်ဘလူ ရေကြည်ဦးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၈၉ | စစ်ကိုင်း | ဟုမ္မလင်း ဘိုကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၉၀ | စစ်ကိုင်း | မင်းကင်း မောက်တက်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၉၁ | စစ်ကိုင်း | ဝန်းသို ပေကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၉၂ | စစ်ကိုင်း | စစ်ကိုင်း သာစည်လေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၉၃ | စစ်ကိုင်း | ယင်းမာပင် ညောင်ပင်ကြီးစုရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၉၄ | စစ်ကိုင်း | ကျွန်းလှ ကုန်းကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၉၅ | စစ်ကိုင်း | မြောင် နဘက်ကျေးရွာ | - | ၁ | MPT တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၉၆ | စစ်ကိုင်း | မုံရွာ ထန်းတောရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၉၇ | စစ်ကိုင်း | ကောလင်း တောင်မော်ရွာ | - | ၁ | Ooredoo တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၉၈ | စစ်ကိုင်း | ရေဦး ဇိန်ဇွန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၉၉ | စစ်ကိုင်း | ခင်ဦး မိုးနတ်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၀၀ | စစ်ကိုင်း | ကန့်ဘလူ၊ ဇင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲ ဖျက်ဆီးခံရမှု |
| ၁၀၁ | စစ်ကိုင်း | ဝန်းသို မြောက်လည် ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲ ဖျက်ဆီးခံရမှု |
| ၁၀၂ | စစ်ကိုင်း | ခင်ဦး ပျဉ်ထောင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲ ဖျက်ဆီးခံရမှု |



ကံမမြို့နယ်တွင် Mytel တာဝါတိုင် မီးရှို့ဖျက်ဆီးခံရမှု။



ညောင်လေးပင်မြို့နယ်၌ Mytel တာဝါတိုင်အား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု။

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

| စဉ် | ပြည်နယ်/တိုင်း | မြို့နယ် ကျေးရွာ | ဖျက်ဆီးမှု | | တယ်လီဖုန်း တာဝါတိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | အစိုးရ | ပုဂ္ဂလိက | | |
| ၁၀၃ | စစ်ကိုင်း | မြင်းမူ ခွက်ခွင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၀၄ | စစ်ကိုင်း | ဒီပဲယင်း ညောင်လှကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၀၅ | စစ်ကိုင်း | ဒီပဲယင်း ရင်းရဲကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၀၆ | စစ်ကိုင်း | ဟုမ္မလင်း နောင်စွပ်ခါးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၀၇ | စစ်ကိုင်း | တန့်ဆည် တမည်းတောရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၀၈ | စစ်ကိုင်း | ကသာ မိဿလင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၀၉ | စစ်ကိုင်း | ကန့်ဘလူ စံပယ်နံ့သာရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၁၀ | စစ်ကိုင်း | ဒီပဲယင်း အင်းတိုင်လေးရွာ | ၁ | - | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၁၁ | စစ်ကိုင်း | မြင်းမူ ဝွေးပင်တောရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၁၂ | စစ်ကိုင်း | ခင်ဦး ဒါန်းကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၁၃ | စစ်ကိုင်း | ချောင်းဦး ကုလားကြီးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၁၄ | စစ်ကိုင်း | ဒီပဲယင်း အေးသာယာရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၁၅ | စစ်ကိုင်း | ဟုမ္မလင်း ငိုးပင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၁၆ | စစ်ကိုင်း | ဝက်လက်၊ ဖားသန်းကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၁၇ | စစ်ကိုင်း | ဟုမ္မလင်း၊ အောင်ချမ်းသာကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၁၁၈ | စစ်ကိုင်း | ကျွန်းလှ၊ လိပ်ဆင်းတောင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၁၉ | စစ်ကိုင်း | ကျွန်းလှ၊ ပေါယောကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးမှု |
| ၁၂၀ | စစ်ကိုင်း | ကျွန်းလှ၊ ကျွဲတဲကျေးရွာ | - | ၁ | TELENOR တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးမှု |
| ၁၂၁ | စစ်ကိုင်း | ကျွန်းလှ၊ သက္ကယ်ကျင်းကျေးရွာ | - | ၁ | TELENOR တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးမှု |
| ၁၂၂ | စစ်ကိုင်း | ကလေး၊ ရာဇဖြိုလ်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၂၃ | စစ်ကိုင်း | ကန့်ဘလူ၊ ချပ်ကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးမှု |
| ၁၂၄ | စစ်ကိုင်း | ကန့်ဘလူ၊ ချပ်ကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးမှု |
| ၁၂၅ | စစ်ကိုင်း | ထီးချိုင့်၊ ရေပေါက်ကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးမှု |
| ၁၂၆ | စစ်ကိုင်း | ချောင်းဦး၊ မှန်ချိုကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးစက်၏ လျှပ်စစ်ကြိုးများ ပျက်စီးဆုံးရှုံးမှု |
| ၁၂၇ | စစ်ကိုင်း | ဝက်လက်၊ ဟန်လင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၁၂၈ | စစ်ကိုင်း | ကန့်ဘလူ၊ ကျွန်းပင်ကုန်း ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး |
| ၁၂၉ | စစ်ကိုင်း | ထီးချိုင့်၊ တည်တာကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး |
| ၁၃၀ | စစ်ကိုင်း | ထီးချိုင့်၊ ကြက်တစ်ကောင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးမှု |
| ၁၃၁ | စစ်ကိုင်း | ကန့်ဘလူ၊ ချပ်သင်ဘေးမဲ့တောစပ် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးမှု |
| ၁၃၂ | စစ်ကိုင်း | ကန့်ဘလူ၊ ဦးကင်းကြည်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးမှု |
| ၁၃၃ | စစ်ကိုင်း | ကလေး၊ မြို့ကြီးကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးစက်အားဖျက်ဆီးခံရမှု |
| ၁၃၄ | စစ်ကိုင်း | ကလေး၊ မြို့လှရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၃၅ | စစ်ကိုင်း | ဆားလင်းကြီး စူဠာကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၃၆ | စစ်ကိုင်း | စစ်ကိုင်း ပေါက်မကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၃၇ | စစ်ကိုင်း | ပင်လည်ဘူး ကညင်ကုန်းရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၃၈ | စစ်ကိုင်း | ချောင်းဦး နတ်ရေကန်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၃၉ | စစ်ကိုင်း | တန့်ဆည်၊ သာကေတကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းထောင်ဖောက်ခွဲမှု |
| ၁၄၀ | စစ်ကိုင်း | မြင်းမူ၊ မစုရကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၄၁ | စစ်ကိုင်း | ပင်လည်ဘူး အောင်းကုန်းရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၄၂ | စစ်ကိုင်း | တန့်ဆည် ဝက်တိုးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၄၃ | စစ်ကိုင်း | ကသာ အင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၄၄ | စစ်ကိုင်း | ဝက်လက် နှောပင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၄၅ | စစ်ကိုင်း | စစ်ကိုင်း ကြခတ်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၄၆ | စစ်ကိုင်း | မုံရွာ ကျောက္ကာ(တ)ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၄၇ | စစ်ကိုင်း | ရေဦး၊ ပေပင်ကုန်း ကျေးရွာ | - | ၁ | TELENOR တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၄၈ | စစ်ကိုင်း | ပင်လည်ဘူး၊ တိုက်မွန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၄၉ | စစ်ကိုင်း | ထီးချိုင့်၊ ကမ်နီကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးမှု |
| ၁၅၀ | စစ်ကိုင်း | ရေဦး၊ အင်တိုင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု |
| ၁၅၁ | စစ်ကိုင်း | ဝန်းသို ရွှေဝန်းသီတာရပ် | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၅၂ | စစ်ကိုင်း | ဝက်လက် မင်းကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၅၃ | စစ်ကိုင်း | ဝက်လက် ပိတောက်ခြံရွာ | ၁ | - | MPT တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၅၄ | စစ်ကိုင်း | ကလေး ချမ်းမြေ့အောင်စည် | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၅၅ | စစ်ကိုင်း | ဝက်လက် ယင်းတောကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၅၆ | စစ်ကိုင်း | စစ်ကိုင်း တောင်ကြားရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၅၇ | စစ်ကိုင်း | ကလေး ချမ်းမြေ့အောင်စည် | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၅၈ | စစ်ကိုင်း | ချောင်းဦး နတ်ရေကန်ရွာ | - | ၁ | TELENOR တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၅၉ | စစ်ကိုင်း | ဝက်လက် ရှိမ္မကားကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၆၀ | စစ်ကိုင်း | ထီးချိုင့် မရသိမ်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၆၁ | စစ်ကိုင်း | ဝက်လက် ရေသောက်ကန်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၆၂ | စစ်ကိုင်း | ပုလဲ၊ နွယ်ရှောက်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၆၃ | စစ်ကိုင်း | ကသာ ပျဉ်လေးပင်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၆၄ | စစ်ကိုင်း | ဝန်းသို၊ ရွှေဝန်းသီတာရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးမှု |
| ၁၆၅ | စစ်ကိုင်း | ဆားလင်းကြီး၊ တောင်ပလူကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဆက်သွယ်ရေးကြိုးများအား ဓားဖြင့် လှီးဖြတ်ဖျက်ဆီးမှု |
| ၁၆၆ | စစ်ကိုင်း | ကလေး၊ မင်္ဂလာဥယျာဉ်ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၁၆၇ | စစ်ကိုင်း | ဝက်လက်၊ ရွာနန်းကျေးရွာ | ၁ | - | MPT တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၁၆၈ | စစ်ကိုင်း | ဒီပဲယင်း၊ တင်ခေါင်းကျေးရွာ | ၁ | - | MPT တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၆၉ | စစ်ကိုင်း | ဖောင်းပြင်၊ ဟဲလှော်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | အောက်ခြေတွင် မီးလောင်မှု |
| ၁၇၀ | စစ်ကိုင်း | ကလေးဝ မန်ဖာကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ကေဘယ်ကြိုးများအား ခိုးယူဖျက်ဆီးခံရမှု |
| ၁၇၁ | စစ်ကိုင်း | ကလေး ရှားတောကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးစက်နှင့် အခြားပစ္စည်းများအား ခိုးယူဖျက်ဆီးခံရမှု |
| ၁၇၂ | စစ်ကိုင်း | ပုလဲနွယ်ရှောက်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဓားဖြင့်ခုတ်၍ ဖျက်ဆီးခံရမှု |
| ၁၇၃ | စစ်ကိုင်း | ရေဦး တင်းတိန်ရုံကျေးရွာ | - | ၁ | TELENOR တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၇၄ | စစ်ကိုင်း | မြောင်၊ ကင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |

*စာမျက်နှာ ၁၃ သို့*



စဉ့်ကူးမြို့နယ်၌ Ooredoo တာဝါတိုင် မီးရှို့ဖျက်ဆီးမှု။



ညောင်ဦးမြို့နယ်၌ Mytel တာဝါတိုင် မီးလောင်မှု။



ပုလဲမြို့နယ်၌ အကြမ်းဖက်အုပ်စု PDF မှ Ooredoo နှင့် Telenor နှစ်လိုင်းသုံး ဆက်သွယ်ရေးတာဝါတိုင်အား မိုင်းခွဲဖျက်ဆီးမှု။

စာမျက်နှာ ၁၂ မှ

| စဉ် | ပြည်နယ်/တိုင်း | မြို့နယ် ကျေးရွာ | ဖျက်ဆီးမှု | | တယ်လီဖုန်း တာဝါတိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | အစိုးရ | ပုဂ္ဂလိက | | |
| ၁၇၅ | စစ်ကိုင်း | ကန့်ဘလူ ကျွန်းကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၇၆ | စစ်ကိုင်း | ဗန်းမောက် တာမကျိုင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၇၇ | စစ်ကိုင်း | ဆားလင်းကြီး ဆားထုံးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၇၈ | စစ်ကိုင်း | မြင်းမူ သာယာပေါင်းရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲ ဖျက်ဆီးခံရမှု |
| ၁၇၉ | စစ်ကိုင်း | ကျွန်းလှ ပျဉ်းမမြိုင်ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၈၀ | စစ်ကိုင်း | မြင်းမူ၊ မခုရကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၈၁ | စစ်ကိုင်း | ရွှေဘို ဥယျာဉ်တော်ရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၈၂ | စစ်ကိုင်း | ခန္တီး၊ မှန်ပင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၁၈၃ | စစ်ကိုင်း | ချောင်းဦး ရွှေလှကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၈၄ | စစ်ကိုင်း | ကန့်ဘလူ လွှဲဆိပ်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၈၅ | စစ်ကိုင်း | ရွှေဘို ကုန်းကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၈၆ | စစ်ကိုင်း | ဗန်းမောက် တာမကျိုင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ရိုက်ခွဲဖျက်ဆီးခံရမှု |
| ၁၈၇ | စစ်ကိုင်း | ကန့်ဘလူ ကင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၈၈ | စစ်ကိုင်း | ကန့်ဘလူ လမ်းမှန်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၈၉ | စစ်ကိုင်း | ရွှေဘို ကျောက်မြင့်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၉၀ | စစ်ကိုင်း | မြောင်၊ ပရိမ္မကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၉၁ | စစ်ကိုင်း | အင်းတော် မဲဇာကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၉၂ | စစ်ကိုင်း | ပုလဲ၊ မင်းရွာကျေးရွာ | - | ၁ | Ooredoo တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၉၃ | စစ်ကိုင်း | ဟုမ္မလင်း ထမံသီကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၉၄ | စစ်ကိုင်း | ချောင်းဦး ရွှေဒါးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၁၉၅ | တနင်္သာရီ | ရေဖြူ၊ ကေနိကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၁၉၆ | တနင်္သာရီ | လောင်းလုံး၊ ဒေါင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၁၉၇ | တနင်္သာရီ | တနင်္သာရီမြို့၊ အင်းရှည်ကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖုန်းလိုင်းများ ဆက်သွယ်ရေးပြတ်တောက်မှု |
| ၁၉၈ | တနင်္သာရီ | တနင်္သာရီ ညောင်ပင်ကုန်းရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၁၉၉ | တနင်္သာရီ | သရက်ချောင်း ကျွဲမင်းကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၀၀ | တနင်္သာရီ | ကော့သောင်း အောင်သုခရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | ကြိုးများအား ဖြတ်တောက်ခိုးယူ ဖျက်ဆီးခံရမှု |
| ၂၀၁ | ပဲခူး | ထန်းတပင်မြို့၊ တပြေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဗုံးဖြင့် ဖျက်ဆီးခံရမှု |
| ၂၀၂ | ပဲခူး | တောင်ငူ ရှမ်းပြုံးချောင်းရွာ | - | ၁ | MYTEL တာဝါတိုင် | ဗုံးဖြင့် ဖျက်ဆီးခံရမှု |
| ၂၀၃ | ပဲခူး | ညောင်လေးပင်၊ မြို့မ(၁) ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | ဗုံးဖြင့် ဖျက်ဆီးခံရမှု |
| ၂၀၄ | ပဲခူး | ထန်းတပင်၊ ကျီတော်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲ ဖျက်ဆီးခံရမှု |
| ၂၀၅ | ပဲခူး | သနပ္ပင် ကသစ်ဝိုင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းတွေ့ရှိမှု |
| ၂၀၆ | ပဲခူး | ကဝ၊ စွပ်ပရားတဲစု ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းပေါက်ကွဲမှု |
| ၂၀၇ | ပဲခူး | ကျောက်ကြီး၊ သိမ်တန်ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၀၈ | ပဲခူး | ဒိုက်ဦး ငှက်သိုက်ပေါက်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၀၉ | ပဲခူး | ဖြူး၊ အောက်ခုံကျေးရွာ | ၁ | - | MPT တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၁၀ | ပဲခူး | ညောင်လေးပင် သံတံတားကျေးရွာ | ၁ | - | MPT တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၁၁ | ပဲခူး | ညောင်လေးပင် ပုဇွန်မြောင်းရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၁၂ | ပဲခူး | ပေါင်းတည်၊ သစ်ပုတ်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၁၃ | ပဲခူး | ပြည်၊ နဝင်းရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးမှု |



ချောင်းဦးမြို့နယ်၌ Mytel တာဝါတိုင် ဖောက်ခွဲခံရမှု။



ကြံခင်းမြို့နယ်၌ Mytel တာဝါတိုင် နှစ်တိုင်အား မီးရှို့ဖျက်ဆီးမှု။

(တယ်လီဖုန်းတာဝါတိုင် ပျက်စီးခဲ့မှုစာရင်းကို ဆက်လက်ဖော်ပြပါမည်)

### တိုင်းဒေသကြီး/ပြည်နယ်များတွင် အကြမ်းဖက်အုပ်စု PDF မှ တာဝါတိုင်များအား ဖောက်ခွဲဖျက်ဆီးမှု

၃၀-၁၁-၂၀၂၁

| စဉ် | တိုင်း/ ပြည်နယ် | ၁-၂-၂၀၂၁ ရက်မှ ၂၉-၁၁-၂၀၂၁ ရက်ထိ | | | | | ၃၀-၁၁-၂၀၂၁ | | | | | စုစုပေါင်း | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | တယ်လီဖုန်းတာဝါတိုင် | | | | | တယ်လီဖုန်းတာဝါတိုင် | | | | | တယ်လီဖုန်းတာဝါတိုင် | | | | | |
| | | MPT | MYTEL | TELENOR | OOREDOO | စုစုပေါင်း | MPT | MYTEL | TELENOR | OOREDOO | စုစုပေါင်း | MPT | MYTEL | TELENOR | OOREDOO | စုစုပေါင်း | |
| ၁ | နေပြည်တော် | | ၁ | | | ၁ | | | | | | | ၁ | | | ၁ | |
| ၂ | ကချင် | ၁ | ၆ | ၁ | | ၈ | | ၁ | | | ၁ | ၁ | ၇ | ၁ | | ၉ | |
| ၃ | ကယား | | ၁ | | | ၁ | | | | | | | ၁ | | | ၁ | |
| ၄ | ကရင် | ၁ | ၉ | ၁ | | ၁၁ | | | | | | ၁ | ၉ | ၁ | | ၁၁ | |
| ၅ | ချင်း | | ၅ | | | ၅ | | | | | | | ၅ | | | ၅ | |
| ၆ | စစ်ကိုင်း | ၈ | ၁၅၃ | ၈ | ၂ | ၁၇၁ | | | | | | ၈ | ၁၅၃ | ၈ | ၂ | ၁၇၁ | |
| ၇ | တနင်္သာရီ | | ၇ | | | ၇ | | | | | | | ၇ | | | ၇ | |
| ၈ | ပဲခူး | ၂ | ၁၄ | | | ၁၆ | | | | | | ၂ | ၁၄ | | | ၁၆ | |
| ၉ | မကွေး | ၃ | ၄၈ | ၁ | ၂ | ၅၄ | | | | | | ၃ | ၄၈ | ၁ | ၂ | ၅၄ | |
| ၁၀ | မန္တလေး | ၂ | ၅၄ | ၂ | ၈ | ၆၆ | | | | | | ၂ | ၅၄ | ၂ | ၈ | ၆၆ | |
| ၁၁ | မွန် | | ၁၄ | ၁ | | ၁၅ | | | | | | | ၁၄ | ၁ | | ၁၅ | |
| ၁၂ | ရခိုင် | | | | | | | | | | | | | | | | |
| ၁၃ | ရန်ကုန် | ၁ | ၁၉ | | | ၂၀ | | | | | | ၁ | ၁၉ | | | ၂၀ | |
| ၁၄ | ရှမ်း | ၂ | ၉ | | | ၁၁ | | | | | | ၂ | ၉ | | | ၁၁ | |
| ၁၅ | ဧရာဝတီ | ၁ | ၁၉ | ၂ | | ၂၂ | | | | | | ၁ | ၁၉ | ၂ | | ၂၂ | |
| စုစုပေါင်း | | ၂၁ | ၃၅၉ | ၁၆ | ၁၂ | ၄၀၈ | | ၁ | | | ၁ | ၂၁ | ၃၆၀ | ၁၆ | ၁၂ | ၄၀၉ | |

အကြမ်းဖက်အဖွဲ့များအနေဖြင့် **တယ်လီဖုန်းတာဝါတိုင်များ**အား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှု သတင်းများကိုရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် သက်ဆိုင်ရာက မေတ္တာရပ်ခံ သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

# သားအကြီးဆုံး မာနက်သည် ဝန်ကြီးချုပ်လောင်းတစ်ဦး ဖြစ်လာလိမ့်မည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ်ပြောကြား

ဖနောင်ပင် ဒီဇင်ဘာ ၂

**ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆန်ဒက်တက်ချိုဟွန်ဆန်က ၂၀၃၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ်ရာထူးမှ အနားယူပြီးနောက် ၎င်း၏ သားကြီး ဟွန်မာနက်သည် ဝန်ကြီးချုပ်လောင်းတစ်ဦး ဖြစ်လာလိမ့်မည်ဟု ဒီဇင်ဘာ ၂ ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။**

အသက် ၆၉ နှစ်ရှိ ဟွန်ဆန်က ၎င်းသည် ၂၀၃၀ ပြည့်နှစ်အထိ ဝန်ကြီးချုပ်ရာထူးတွင် ဆက်လက်ရှိနေဦးမည် ဖြစ်ကြောင်းနှင့် တာဝန်မှ အနားယူပြီးနောက်ပိုင်းတွင်လည်း မာနက်ကို ဝန်ကြီးချုပ်လောင်း တစ်ဦးအနေဖြင့် အထွေထွေ ရွေးကောက်ပွဲတွင် အမည်စာရင်းတင်သွင်းသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟွန်မာနက်သည် ဝန်ကြီးချုပ်လောင်းလျာတစ်ဦး ဖြစ်လာလိမ့်မည်ဟု မိမိအနေဖြင့်ကြေညာလိုကြောင်း ဟွန်ဆန်က ပြောကြားလိုက်သည်။ ဝန်ကြီးချုပ်ရာထူးအတွက် ၎င်းကို အပြည့်အဝထောက်ခံပါကြောင်း ဟွန်ဆန်က ဆက်လက်ပြောကြားခဲ့သည်။

အသက် ၄၄ နှစ်ရှိ မာနက်သည် လက်ရှိတွင် အာဏာရ ကမ္ဘောဒီးယား ပြည်သူ့ပါတီ၏ အမြဲတမ်း ကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ထို့အပြင် ၎င်းသည် တော်ဝင်ကမ္ဘောဒီးယား လက်နက်ကိုင်တပ်ဖွဲ့တွင် ဒုတိယ ကာကွယ်ရေး ဦးစီးချုပ်နှင့် တော်ဝင်ကမ္ဘောဒီးယား စစ်တပ်တွင် တပ်မှူးတစ်ဦးလည်း ဖြစ်သည်။

ဆင်ဟွာ



ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆန်ဒက်တက်ချိုဟွန်ဆန်။




အမေရိကန်ပြည်ထောင်စုရှိ ရွှေ့လျား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနေရာတစ်ခုကို တွေ့ရစဉ်။

# အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈ ဒသမ ၆၅ သန်းရှိလာ

**အဒစ္စအဘာဘာ ဒီဇင်ဘာ ၂**

အာဖရိကတွင် ဒီဇင်ဘာ ၁ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈၆၅၁၅၄၉ ဦး အထိရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိကစီဒီစီ) က ပြောသည်။

စီဒီစီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၂၂၃၃၅၂ ဦးရှိလာပြီဖြစ်ကြောင်းနှင့် ၈၀၉၉၄၅၆ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုးပီးယားနှင့် လစ်ဗျားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# အိန္ဒိယတွင် အိုမီခရွန် ဗီဇပြောင်း ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူ နှစ်ဦး တွေ့ရှိ

**နယူးဒေလီ ဒီဇင်ဘာ ၂**

အိန္ဒိယအစိုးရက ဒီဇင်ဘာ ၂ ရက်က အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူ နှစ်ဦးကို တွေ့ရှိခဲ့ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ပိုးတွေ့လူနာများမှာ အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်း ကာနာတာကာ ပြည်နယ်မှ ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ယခုအချိန်အထိ အိန္ဒိယနိုင်ငံတွင် အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်သစ်နှစ်ခုကို တွေ့ရှိခဲ့သည်။ ပိုးတွေ့လူနာနှစ်ဦးသည် ကာနာတာကာ ပြည်နယ်မှဖြစ်ကြောင်း အဆင့်မြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ လက်ဗ်အာဂါဝယ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အာဂါဝယ်က အသက် ၆၆ နှစ်နှင့် ၄၆ နှစ်အရွယ် ကူးစက်ခံရသူနှစ်ဦးနှင့်ထိတွေ့ခဲ့သူအားလုံးကို ခြေရာခံနေကြောင်း သိရသည်။

ဗီဇပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ် ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် နိုင်ငံတကာ ခရီးသွားများအတွက် တင်းကျပ်သည့် ဆောင်ရွက်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ **ဆင်ဟွာ**



ကျန်းမာရေးဝန်ထမ်းတစ်ဦးက မွမ်ဘိုင်းရထားဘူတာရုံတွင် ခရီးသွားများကို ကိုဗစ်-၁၉ စစ်ဆေးနေသည်ကို တွေ့ရစဉ်။

# အိုမီခရွန်ဗိုင်းရပ်စ်ကူးစက်မှုကို ကယ်လီဖိုးနီးယားတွင် ပထမဆုံး တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားကြရန် အိမ်ဖြူတော်တိုက်တွန်း

**ဝါရှင်တန် ဒီဇင်ဘာ ၂**

အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားမှုကို ကယ်လီဖိုးနီးယားတွင် ပထမဆုံး တွေ့ရှိခဲ့ပြီးနောက် အိမ်ဖြူတော်ဆေးဘက်ဆိုင်ရာ အကြံပေးအကြီးအကဲ အန်တိုနီဖော်စီက ဒီဇင်ဘာ ၁ ရက်တွင် အမေရိကန်များကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားကြရန် သို့မဟုတ် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ပြည်သူတွေကို ကာကွယ်ဖို့ ဘာလုပ်ရမလဲဆိုတာ မိမိတို့သိသည်ဟု ဖော်စီက ပြောသည်။ ကာကွယ်ဆေးမထိုးရသေးဘူးဆိုရင် ကာကွယ်ဆေးထိုးကြပါ။ ကာကွယ်ဆေး အပြည့်အဝထိုးပြီးပြီဆိုရင် အပိုဆောင်း ကာကွယ်ဆေးထိုးကြပါဟု ဖော်စီက အိမ်ဖြူတော် သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

နိုဝင်ဘာ ၃၀ အထိ အမေရိကန်လူဦးရေ ၁၉၇ ဒသမ ၁ သန်း သို့မဟုတ် လူဦးရေ ၆၀ ရာခိုင်နှုန်းခန့် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးပြီးပြီဖြစ်ကြောင်း၊ ၄၁ ဒသမ ၁ သန်းမှာ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးပြီဖြစ်ကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

တောင်အာဖရိကမှ ပြန်လာသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးထားပြီးသူ တစ်ဦးတွင် နိုဝင်ဘာ ၂၂ ရက်က အိုမီခရွန် ဗီဇပြောင်း ဗိုင်းရပ်စ်သစ် ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု ကယ်လီဖိုးနီးယား ကျန်းမာရေးအရာရှိများက ကြေညာချက်ထုတ်ပြန်ခဲ့သည်ဟု ဖော်စီက ပြောကြားခဲ့သည်။

ဒါဟာအရေးကြီးသည့် အချိန်ဖြစ်ကြောင်း၊ တစ်ယောက်ချင်းစီက မိမိကိုယ်တိုင် ကွာရန်တင်းဝင်ရမည်ဖြစ်ကြောင်းနှင့် အနီးကပ် ထိတွေ့ခဲ့သူအားလုံးကိုလည်း ခြေရာခံခဲ့ပြီး ရသလောက် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကူးစက်မှု မတွေ့ရသေးကြောင်း သိရသည်။

ကူးစက်ခံရသူမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားသော်လည်း အပိုဆောင်းကာကွယ်ဆေးထိုးနှံမှုမခံယူထားကြောင်း ဖော်စီက ပြောသည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁၀၀၀ အောက် လျော့နည်းကျဆင်းခဲ့သည်မှာ ကိုးရက်ဆက်တိုက်ရှိလာ

**မနီလာ ဒီဇင်ဘာ ၂**

ဖိလစ်ပိုင်နိုင်ငံ၌ ဒီဇင်ဘာ ၂ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၆၄ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၈၃၃၄၇၃ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၀၀၀ အောက် လျော့နည်းကျဆင်းခဲ့သည်မှာ ကိုးရက်ဆက်တိုက် ရှိလာပြီဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၄၀ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၄၈၇၅၂ ဦးအထိ ရှိလာခဲ့သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးပြီးသည့် အရွယ်ရောက်ပြီး နိုင်ငံသားများအနေဖြင့် ဒီဇင်ဘာ ၃ ရက်မှစကာ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူနိုင်ပြီဖြစ်ကြောင်း ဒီအိုအိတ်ချ်က ဖော်ပြသည်။ ဒီဇင်ဘာ ၂ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ သန်း ၉၀ ကျော်ရှိလာပြီဖြစ်ကြောင်းနှင့် ၃၆ သန်းကျော်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဒီဇင်ဘာ ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂၁ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ ၉ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၁၂၀ ရှိ

### (၂-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၁,၁၈၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၂၁) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၄၆) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၂၆,၉၃၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၃,၃၄၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆၉၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၉၈,၇၄၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၉) ဦး ရှိ**သဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၁၂၀) ဦး ရှိပါသည်။

- ယခုဖြစ်ပွားနေဆဲဖြစ်သည့် တတိယလှိုင်းကာလအတွင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု မြင့်မားခဲ့သော မြို့နယ် (၁၁၉) မြို့နယ်အား နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at home) သတ်မှတ်ဆောင်ရွက်၍ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ရာတွင် လူနာသစ်တွေ့ရှိရမှုနှင့် ပိုးတွေ့ရှိနှုန်း လျော့နည်းကျဆင်းလာသော မြို့နယ်များအား (Stay at home) မြို့နယ်အဖြစ်မှ ဖြေလျှော့ပေးလျက်ရှိရာ ယနေ့အထိ နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် ဆက်လက်အကျုံးဝင်နေသည့် မြို့နယ် (၁၁) မြို့နယ်သာ ကျန်ရှိပါသည်။
- ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် လူမှုစီးပွားလုပ်ငန်းများ အမြန်ဆုံးပုံမှန်ပြန်လည် လည်ပတ်နိုင်ရန်အတွက် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိသော်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ပြန်လည်မြင့်တက်လာနိုင်သည့် အခြေအနေကို သတိပြုကာကွယ်ရမည် ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at home) တွင် ဆက်လက်ပါဝင်သည့် မြို့နယ်များတွင် နေထိုင်သူများအနေဖြင့်လည်းကောင်း၊ နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at home) တွင် ဆက်လက်ပါဝင်ခြင်းမရှိတော့သည့် မြို့နယ်များတွင်လည်းကောင်း၊ နေအိမ်တွင် နေထိုင်ရေးအစီအစဉ် (Stay at home) တွင် ပါဝင်ခဲ့ခြင်းမရှိခဲ့သည့် မြို့နယ်များတွင်လည်းကောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်၍ သတိပြုလိုက်နာဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက်ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
(၂-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၂၄) ခု | (၆၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၁) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅၁) ခု | (၁၉) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၀) ခု | (၃) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၂၇) ခု | (၂) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၀) ခု | (၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၈၁) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၃၈) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၇,၉၄၆) ခု | (၃၉၈) ဦး |
| **စုစုပေါင်း** | (၂၁,၁၈၈)ခု | (၅၂၁)ဦး |

## ၂-၁၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၉၅၇၃၁၂၂ | ၃၉၃၁၈၅၆၃ | ၈၀၅၀၀၄ |
| ၂။ | အိန္ဒိယ | ၃၄၆၀၆၅၄၁ | ၃၄၀၃၇၀၅၄ | ၄၆၉၇၂၄ |
| ၃။ | ဘရာဇီး | ၂၂၁၀၅၈၇၂ | ၂၁၃၃၉၁၁၈ | ၆၁၅၀၂၀ |
| ၄။ | ဗြိတိန် | ၁၀၂၇၆၀၀၇ | ၉၀၉၅၉၈၃ | ၁၄၅၁၄၀ |
| ၅။ | ရုရှား | ၉၇၀၃၁၀၇ | ၈၄၀၀၁၁၇ | ၂၇၇၆၄၀ |
| ၆။ | တူရကီ | ၈၈၁၈၁၄၄ | ၈၃၅၀၄၉၄ | ၇၇၀၃၈ |
| ၇။ | ပြင်သစ် | ၇၇၂၅၁၁၄ | ၇၁၃၇၄၁၆ | ၁၁၉၂၂၇ |
| ၈။ | အီရန် | ၆၁၂၅၅၉၆ | ၅၉၀၁၅၃၂ | ၁၂၉၉၈၈ |
| ၉။ | ဂျာမနီ | ၅၉၅၃၃၁၀ | ၄၉၇၉၇၀၀ | ၁၀၂၅၅၂ |
| ၁၀။ | အာဂျင်တီးနား | ၅၃၃၂၆၂၉ | ၅၁၉၄၇၈၀ | ၁၁၆၅၉၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂- ၁၂ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၆၉၉၈ | ၄၁၀၅၃၅၂ | ၁၄၃၈၅၀ |
| ဖိလစ်ပိုင် | ၂၈၃၃၄၇၃ | ၂၇၆၉၅၃၃ | ၄၈၇၅၂ |
| မလေးရှား | ၂၆၃၈၂၂၁ | ၂၅၄၄၀၀၇ | ၃၀၄၇၄ |
| ထိုင်း | ၂၁၂၅၇၂၉ | ၂၀၃၁၁၅၆ | ၂၀၈၄၅ |
| ဗီယက်နမ် | ၁၂၆၆၂၈၈ | ၁၀၀၅၃၁၀ | ၂၅၆၅၈ |
| မြန်မာ | ၅၂၃၃၄၆ | ၄၉၈၇၄၈ | ၁၉၁၂၀ |
| စင်ကာပူ | ၂၆၆၀၄၉ | ၂၅၃၀၆၈ | ၇၂၆ |
| ကမ္ဘောဒီးယား | ၁၂၀၁၈၃ | ၁၁၆၅၄၈ | ၂၉၄၉ |
| လာအို | ၇၆၄၉၆ | ၆၄၁၄၀ | ၁၈၆ |
| ဘရူနိုင်း | ၁၅၁၁၁ | ၁၄၅၆၅ | ၉၇ |

# Global Centre for Responsibility to Protect အဖွဲ့ရဲ့ အပတ်စဉ်ထုတ်စာစောင်ပါ မြန်မာ့အရေးဆောင်းပါးအပေါ် မြန်မာပြည်သူတစ်ဦး၏တုံ့ပြန်ချက်

ဗစ်တာ(ကေတုမတီ)



Atrocity Alert No. 278: Myanmar (Burma), Niger and Sudan

| ATROCITY ALERT

Atrocity Alert is a weekly publication by the Global Centre for the Responsibility to Protect highlighting situations where populations are at risk of, or are enduring, mass atrocity crimes.

UN 'GRAVELY CONCERNED' AS VIOLENCE INTENSIFIES IN MYANMAR

Monday, 8 November, marked the one-year anniversary of the general election victory by Myanmar's (Burma) ruling party, the National League for Democracy (NLD), which comprehensively defeated the military-backed Union Solidarity and Development Party. This was the second democratic election held since Myanmar's transition to civilian rule began in 2011. Myanmar's military - the Tatmadaw - launched

**Global Centre for Responsibility to Protect (GCR2P) အဖွဲ့ရဲ့ အပတ်စဉ်ထုတ် Atrocity Alert (ရက်စက်ယုတ်မာမှုများအသိပေးချက်) စာစောင်အမှတ် ၂၇၈ မှာ "UN Gravely Concerned as Violence Intensifies in Myanmar" ခေါင်းစဉ်နဲ့ သတင်းဆောင်းပါးတစ်ပုဒ်ကို ဖတ်ရှုလိုက်ရပါတယ်။ GCR2P ဆိုတာ Responsibility to Protect (R2P) ကို ထောက်ခံတဲ့နိုင်ငံတွေနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့အဖွဲ့ ဖြစ်ပြီးတော့ အင်အားကြီးနိုင်ငံတွေရဲ့ လိုလားချက်တွေကို အကောင်အထည်ဖော်ဖို့ရာ လိုအပ်တဲ့ အကြောင်းအချက်တွေ၊ အပြစ်အနာအဆာတွေကို ရှာပေးနေတဲ့ အဖွဲ့ဖြစ်တယ်။ ကုလသမဂ္ဂမူဘောင်အောက်မှာ ဖွဲ့စည်းထားတဲ့အဖွဲ့ မဟုတ်ပေမယ့်လည်း မြန်မာနိုင်ငံအပေါ် သတိထားစောင့်ကြည့်နေတဲ့အဖွဲ့ဖြစ်လို့ လျစ်လျူရှုထားလို့မရတဲ့ အဖွဲ့ပါ။ ၎င်းဆောင်းပါးမှာ လက်ရှိဖြစ်ပေါ်နေတဲ့ မြန်မာ့အရေးနဲ့ပတ်သက်ပြီး မဟုတ်မမှန်ဖော်ပြခဲ့တာတွေကို ဖတ်လိုက်ရတော့ မြန်မာပြည်သူတစ်ယောက်အနေနဲ့ အမှန်ကိုတုံ့ပြန်လိုစိတ်တွေ ဖြစ်ပေါ်လာမိတယ်။**

၂၀၂၀ ရွေးကောက်ပွဲကနေ အစပျိုးလာတဲ့ ပြည်တွင်းမတည်ငြိမ်မှုတွေမှာ ပြည်တွင်းက ကျင့်ဝတ်ပျက်မီဒီယာအချို့နဲ့ ပြည်ပမီဒီယာတွေရဲ့ လိုရာဆွဲရေး မမှန်သတင်းဖြန့်မှုတွေကြောင့် နိုင်ငံတကာမှာ အထင်အမြင်လွဲမှားတာတွေဖြစ်နေသလို ပြည်တွင်းမှာလည်း ဂယက်ရိုက်ခတ်တာတွေ အများအပြားရှိနေတယ်ဆိုတာ အားလုံးအသိပဲ။ မြေပြင်အခြေအနေတွေနဲ့ ပြည်ပနိုင်ငံတွေ သိထားကြားထားတဲ့ ဖြစ်ရပ်တွေက တက်တက်စင်အောင် လွဲမှားနေလေတော့ ဒီအခြေအနေတွေကို လျစ်လျူရှုထားဖို့ မဖြစ်နိုင်တော့ပါဘူး။

### သူတို့ပြောတဲ့ ၂၀၂၀ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ပြောချင်မိတာလေး

၂၀၂၀ ရွေးကောက်ပွဲဟာ ၂၀၁၀၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနဲ့ မတူတာကိုတော့ အားလုံးသတိထားမိကြမယ်ထင်တယ်။ ၂၀၂၀ ရွေးကောက်ပွဲမှာ မဲမသမာမှုဖြစ်ပွားခဲ့တယ်ဆိုပြီး အတိုက်အခံပါတီတွေနဲ့ ကိုယ်စားလှယ်လောင်းတွေက NLD ပါတီဦးဆောင်တဲ့အစိုးရက ခန့်အပ်ထားတဲ့ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနဲ့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေအပေါ် ထောင်နဲ့ချီတဲ့ကန့်ကွက်စာတွေပို့ခဲ့ကြတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်လောင်းတွေက ကန့်ကွက်စာ ၁၇၄ စောင် ပေးပို့ခဲ့တယ်။ ရွေးကောက်ပွဲအကြိုမဲဆွယ်ကာလနဲ့ ကြိုတင်မဲပေးကာလတွေမှာ ကတည်းက ရွေးကောက်ပွဲဥပဒေချိုးဖောက်မှုတွေရှိတယ်ဆိုပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ခွဲတွေကို ပြည်သူ့ရှေ့ဆောင်ပါတီ (PPP) ပါတီက ကန့်ကွက်စာပို့ခဲ့တာတွေလည်းရှိတယ်။ ရွေးကောက်ပွဲကော်မရှင်ကတော့ တရားဝင် ကန့်ကွက်စာပို့လာတဲ့အပေါ်မှာ ဘာတုံ့ပြန်ချက်မှမပေးဘဲ နှုတ်ဆိတ်ပြီး ရွှေအ လုပ်နေခဲ့တယ်လေ။ ရွေးကောက်ပွဲကျင်းပပြီး နှစ်ရက်အကြာ နိုဝင်ဘာလ ၁၀ ရက် ကစလို့ ဇန်နဝါရီလ ၂၉ ရက်အထိ ကာလအတွင်းမှာလည်း ရွေးကောက်ပွဲကော်မရှင်ကို မြို့နယ်ပေါင်း ၉၉ ခုမှာ ဆန္ဒပြမှု ၁၂၄ ခု ဖြစ်ပွားနေခဲ့တယ်။

တစ်ဖက်မှာ ၂၀၁၀ နဲ့ ၂၀၁၅ ရွေးကောက်ပွဲတွေကို ပြန်ကြည့်မယ်ဆိုရင် ဦးသိန်းစိုးနဲ့ ဦးတင်အေးတို့ဦးဆောင်တဲ့ ရွေးကောက်ပွဲကော်မရှင် တာဝန်ယူဆောင်ရွက်ခဲ့ချိန်က ကြီးကြီးမားမား အငြင်းပွားဖွယ် မဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ အချက်အလက်အချို့ လွဲမှားတာလေးတွေရှိခဲ့ပေမယ့် ထိုအချိန်က ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူတွေက ဥပဒေမူဘောင်အတွင်းကနေပဲ ဖြေရှင်းခဲ့ကြတယ်၊ ပြည်သူကို ပွင့်ပွင့်လင်းလင်း ချပြကြေညာတာတွေကို တွေ့ရတယ်။ ရွေးကောက်ပွဲမစမီကတည်းကလည်း လေ့လာစောင့်ကြည့်သူတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို ရွေးကောက်ပွဲစောင့်ကြည့်ဖို့ ကြိုတင်ဖိတ်ကြားထားခဲ့တာကို တွေ့ရမယ်။ ဒါပေမယ့် ၂၀၂၀ ရွေးကောက်ပွဲမှာတော့ ရွေးကောက်ပွဲကော်မရှင်ကရော NLD ဦးဆောင်တဲ့အစိုးရကရော မည်သည့်ရှင်းလင်းထုတ်ပြန်မှုမျှ မလုပ်သလို မည်သည့်တုံ့ပြန်မှုမျှလည်း မလုပ်ခဲ့ဘူး။ စောင့်ကြည့်လေ့လာသူတွေလည်း မထားရှိခဲ့ဘူး။ ရွေးကောက်ပွဲတစ်ခု အောင်မြင်စွာပြီးဆုံးတယ်ဆိုတာ သမာသမတ်ရှိရမယ်၊ ပွင့်လင်းမြင်သာမှုရှိရမယ်၊ လွတ်လပ်ပြီး မျှတမှုရှိရမယ်။ တချို့ကိုယ်စားလှယ်လောင်းတွေ သူတို့ထည့်ခဲ့တဲ့မဲတွေကိုတောင် သူတို့ပြန်မရခဲ့တာတွေရှိတယ်။ ဒါမျိုးတွေက ဘယ်လိုမှ လျစ်လျူရှုလို့မရတဲ့ အချက်တွေဖြစ်တယ်။

### တပ်မတော်ပါဝင်လာရတယ်ဆိုတာက

မဲမသမာမှုနဲ့ပတ်သက်ပြီး တစ်နိုင်ငံလုံးမှာ ဆန္ဒပြမှုတွေဖြစ်လာတဲ့အခါ တပ်မတော်ဘက်ကလည်း မဲမသမာမှုနဲ့ပတ်သက်ပြီး စစ်ဆေးပေးဖို့ ရွေးကောက်ပွဲကော်မရှင်ကို အကြိမ်ကြိမ်တောင်းဆိုခဲ့တယ်။ သတင်းစာရှင်းလင်းပွဲတွေ လုပ်ခဲ့တယ်။ နိုဝင်ဘာလ ၂ ရက်မှာတော့ မဲစာရင်းတွေပြန်စစ်ဆေးပေးဖို့၊ ဒီဇင်ဘာလ ၁၀ ရက်မှာ မဲစာရင်းတွေ ကူးယူခွင့်ပြုဖို့ တောင်းဆိုခဲ့တာတွေရှိတယ်။ ဒါပေမယ့် ရွေးကောက်ပွဲကော်မရှင်ဘက်က တုံ့ပြန်မှုမလုပ်ခဲ့သလို မဲစာရင်းကူးယူခွင့်ကိုလည်း မပေးခဲ့ဘူး။ မိမိတို့နိုင်ငံဟာ ဒီမိုကရေစီမရင့်ကျက်သေးတဲ့နိုင်ငံဖြစ်လို့ မဲစာရင်းမှားယွင်းမှုတွေ ဖြစ်ကောင်းဖြစ်နိုင်တယ်ဆိုပေမယ့် ယခုဖြစ်ခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာတော့ စနစ်တကျရည်ရွယ်ပြီး လုပ်ထားတယ်ဆိုတာကို တွေ့မြင်နေရတယ်။ ဒါကြောင့် တပ်မတော်ဘက်ကလည်း ရွေးကောက်ပွဲကျင်းပခဲ့တဲ့ မြို့နယ်ပေါင်း ၃၁၅ ခုက မဲစာရင်းတွေကို ရနိုင်သမျှ ကူးယူခဲ့ပြီး မဲစာရင်းမှားယွင်းမှု၊ မဲမသမာမှုတွေကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၃ ရက်ကနေ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်အထိ ထုတ်ပြန်ရှင်းလင်းမှု (၆)ကြိမ် ပြုလုပ်ခဲ့တယ်။ ဒါ့အပြင် မဲစာရင်းစစ်ဆေးပေးဖို့ တပ်မတော်နဲ့ ပါတီပေါင်းစုံက အကြိမ်ကြိမ်တောင်းဆိုခဲ့တာကို NLD ပါတီအနေနဲ့ လျစ်လျူရှုခဲ့ပြီး အစိုးရဖွဲ့စည်းနိုင်ဖို့ ဆက်လက်ဆောင်ရွက်ခဲ့တဲ့အပြင် ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ခေါ်ယူပေးဖို့ တပ်မတော်ဘက်က နှစ်ကြိမ် တောင်းဆိုခဲ့တာကို လျစ်လျူရှုခဲ့တာကြောင့် ပြည်တွင်းဆန္ဒပြမှုတွေ ဖြစ်လာပြီးနောက်ပိုင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှာ ယာယီသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာခဲ့ပြီး လိုအပ်သလို အရေးယူဆောင်ရွက်ဖို့ တပ်မတော်ကို တာဝန်လွှဲအပ်ခဲ့ရတဲ့အခြေအနေကို ရောက်လာတယ်။ NLD အနေနဲ့ နိုင်ငံတော်အာဏာကို မသမာတဲ့နည်းနဲ့ ရယူဖို့ ကြိုးစားခဲ့တာ မအောင်မြင်ခဲ့ဘဲ မဲမသမာမှုလုပ်ခဲ့တာ လူမိလေတော့ ရှက်ရမ်းရမ်းပြီး နိုင်ငံမတည်မငြိမ်ဖြစ်အောင်၊ အုပ်ချုပ်ရေးယန္တရားပျက်ပြားအောင်၊ ဆူပူမှုတွေဖြစ်အောင်၊ မင်းမဲ့တိုင်းပြည်ဆန်ဆန် ဖြစ်အောင်လုပ်ပြီး ဇာတ်လမ်းတွေ ဆင်ပါလေတော့တယ်။ NLD ပါတီရဲ့ နိုင်ငံရေးလုပ်စားလာတဲ့သမိုင်းကို ပြန်ကြည့်မယ်ဆိုရင်လည်း အနောက်နိုင်ငံတွေရဲ့ ကြိုးဆွဲရာကခဲ့တာတွေကို တွေ့ရပါလိမ့်မယ်၊ အတိုက်အခံလုပ်လာတဲ့ သက်တမ်းတစ်လျှောက်မှာလည်း နိုင်ငံ့ကောင်းကျိုးမှန်သမျှကို တားဆီးဖို့လက်မနှေးခဲ့သလို အစိုးရတာဝန်ယူခဲ့တဲ့ကာလအတွင်းမှာလည်း နိုင်ငံ့အတွက်ဆိုတာထက် တစ်ပါတီကောင်းစားရေးကိုသာ ဦးတည်လုပ်ဆောင်ခဲ့တာကို တွေ့ရလိမ့်မယ်။ စက်ဆုပ်ရွံရှာစရာတွေပါပဲ။

တပ်မတော်အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀(စ)အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ဖို့ရာ အဓိကကျတဲ့အဖွဲ့ဖြစ်ပြီး နိုင်ငံတော်အာဏာကို မလွှဲရှောင်သာ လွှဲယူခဲ့ရပြီးနောက်ပိုင်း မဲမသမာမှုတွေကို ဆက်လက်စစ်ဆေးဖော်ထုတ်ခဲ့ရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာအရ မဲပေးခွင့်ရှိသူ ၃၈ ဒသမ ၂ သန်းကျော်အနက် မဲမသမာမှု ၁၁ သန်းကျော် (၂၉ ဒသမ ၅၄ ရာခိုင်နှုန်း) ရှိကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရတယ်။

ကျွန်တော်တို့ မမေ့သင့်တဲ့အချက်က ဒီမိုကရေစီလမ်းကြောင်းကို တပ်မတော်ကိုယ်တိုင်က လိုလိုလားလားနဲ့ အစပြုဖောက်လုပ်ပေးခဲ့တယ် ဆိုတာပဲ။ နိုင်ငံတကာမှာ ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်ဖို့ အသက်သွေးပေါင်းများစွာ စတေးကြရတာကို တွေ့ရပါလိမ့်မယ်။ မြန်မာနိုင်ငံဒီမိုကရေစီအကူးအပြောင်းမှာတော့ ညင်ညင်သာသာနဲ့ ကူးပြောင်းနိုင်ခဲ့လို့ ကမ္ဘာ့နိုင်ငံတွေကတောင် ချီးကျူးခဲ့ကြရတယ်။ ဒါကြောင့် တပ်မတော်က ဘာကြောင့် အာဏာပြန်သိမ်းရမှာလဲ။ တပ်မတော်အနေနဲ့က နိုင်ငံရဲ့ ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြောင့်ဖြူးဖြူး ဖြစ်ဖို့နဲ့ အခြေခံဥပဒေကို အသက်ပေးကာကွယ်စောင့်ရှောက်နေတာသာဖြစ်တယ်ဆိုတာကို လုံးဝမမေ့သင့်ပါဘူး။

### ဆူပူဆန္ဒပြမှုများမှသည် အကြမ်းဖက်မှုများဆီသို့

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တပ်မတော်က စတင်တာဝန်ယူခဲ့ပြီး နောက်ပိုင်း သုံးရက်မြောက်ကစလို့ ငြိမ်းငြိမ်းချမ်းချမ်းဆန္ဒဖော်ထုတ်မှုတွေသာ ရှိခဲ့တယ်။ နောက်ပိုင်းမှာတော့ ဆန္ဒပြမှုအဆင့်ကနေ ဆူပူမှု၊ အကြမ်းဖက်မှု၊ မီးရှို့ဖျက်ဆီးမှု၊ လုယက်တိုက်ခိုက်မှု၊ သတ်ဖြတ်မှုတွေနဲ့ မင်းမဲ့စရိုက်အခြေအနေတွေ ဖြစ်လာတယ်။ နိုင်ငံတကာမှာလည်း ဒီလိုမျိုးအလားတူ ဆန္ဒပြမှုတွေ ဖြစ်လာရင် ကိုင်တွယ်ဖြေရှင်းတဲ့ နည်းလမ်းတွေ ရှိတယ်။ မိမိတို့နိုင်ငံထက် အများကြီးပိုမိုပြင်းထန်တာကိုလည်း တွေ့ရပါလိမ့်မယ်။ ဒီလို ဆူပူမှုဖြစ်နေတဲ့အချိန်မှာ ပွဲလန့်တုန်းဖျာခင်းတဲ့ EAOs အချို့က တပ်မတော်စခန်းတွေနဲ့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့စခန်းအချို့ကို တိုက်ခိုက်လာခဲ့တယ်။ ဒါတွေဟာ နိုင်ငံရေးခံယူချက်ကြောင့် မဟုတ်ဘဲ နောက်ကွယ်က ပြည်ပနိုင်ငံတွေရဲ့ထောက်ပံ့မှုရယ်၊ ပြည်တွင်းမတည်ငြိမ်မှုကို အခွင့်ကောင်းယူပြီး ၎င်းတို့အကျိုးအတွက် အမြတ်ထုတ်တာရယ်ကြောင့်ဆိုပြီး ရှင်းရှင်းလင်းလင်း သိနိုင်ပါတယ်။ ဒီအခြေအနေတွေအပေါ်မှာ တပ်မတော်ဘက်ကလည်း ထိန်းသိမ်းဆောင်ရွက်နေပေမယ့် မကောင်းမြင်ချင်စိတ်ရှိတဲ့သူတွေကတော့ မကောင်းမြင်နေကြတာပါပဲ။ နိုင်ငံရေးအကျဉ်းသား ကူညီစောင့်ရှောက်ရေးအသင်းလို့ခေါ်တဲ့ (Assistant Association for Political Prisioners– AAPP)ရဲ့ အချက်အလက်တွေအရ

**❒ ရွေးကောက်ပွဲတစ်ခု အောင်မြင်စွာပြီးဆုံးတယ်ဆိုတာ သမာသမတ်ရှိရမယ်၊ ပွင့်လင်းမြင်သာမှုရှိရမယ်၊ လွတ်လပ်ပြီး မျှတမှုရှိရမယ်။ တချို့ကိုယ်စားလှယ်လောင်းတွေ သူတို့ထည့်ခဲ့တဲ့မဲတွေကိုတောင် သူတို့ပြန်မရခဲ့တာတွေရှိ**

**❒ တပ်မတော်အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀ (စ) အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ဖို့ရာ အဓိကကျတဲ့အဖွဲ့ဖြစ်ပြီး နိုင်ငံတော်အာဏာကို မလွှဲရှောင်သာ လွှဲယူခဲ့ရပြီးနောက်ပိုင်း မဲမသမာမှုတွေကို ဆက်လက်စစ်ဆေးဖော်ထုတ်ခဲ့**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အာဏာထိန်းသိမ်းမှုကို ဆန့်ကျင်လို့ လူ ၁၂၀၀ ကျော် သေဆုံးပြီး ၇၀၀၀ ကျော် အဖမ်းခံထားရတယ်လို့ ကုလသမဂ္ဂဆိုင်ရာမဟာမင်းကြီး မစ္စမီချဲဘားချလတ်က ပြောဆိုခဲ့တယ်။ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အန်ဒရူး ကလည်း တပ်မတော်ရဲ့ ကျူးလွန်မှုတွေက လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုနဲ့ စစ်ရာဇဝတ်မှုမြောက်တယ်လို့ ယူဆရကြောင်းပြောခဲ့ပြီး မြန်မာနိုင်ငံကို ချောက်ကမ်းပါးဆီ တွန်းပို့လာကြတာကို တွေ့ရတယ်။ ဒီလို အဖွဲ့အစည်းတွေက NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကိုတော့ လျစ်လျူရှုပြီး တစ်ဖက်စောင်းနင်း ပြောလာတာကိုတွေ့ရတော့ မြန်မာနိုင်ငံမှာမွေး၊ မြန်မာနိုင်ငံမှာ ကြီးပြင်းလာတဲ့ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဒီပြောဆိုစွပ်စွဲချက်တွေအပေါ်မှာ လုံးဝခံပြင်းဒေါသထွက်မိပါတယ်။

တပ်မတော်ဘက်ကတော့ စတင်တာဝန်ယူပြီးနောက်ပိုင်း ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ပြီး မဲစာရင်းကိစ္စ၊ ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်ရေး၊ ကိုဗစ်ကြောင့် ကျဆင်းလာတဲ့ နိုင်ငံ့စီးပွားရေးကို ပြန်လည်တိုးတက်ဖို့၊ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးကို ဆက်လက်ဖော်ဆောင်ဖို့၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပဖို့၊ ဒီမိုကရေစီစံနှုန်းနဲ့အညီ နိုင်ငံတော်အာဏာကို ပြန်လည်လွှဲအပ်နိုင်ဖို့ နေ့မနားညမအား ကြိုးပမ်းနေကြတယ်။ ဒ့ါအပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ် ချမှတ်ပြီးတော့လည်း ကြိုးပမ်းအကောင်အထည်ဖော်နေကြတယ်။

ဒါပေမယ့်လည်း တပ်မတော်ရဲ့မဲစာရင်းစိစစ်ပေးဖို့ တောင်းဆိုခဲ့တာတွေ၊ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့တာတွေ၊ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီခေါ်ယူပေးဖို့ တင်ပြခဲ့တာတွေ၊ ဆန္ဒပြမှုတွေကို ဥပဒေနဲ့အညီ ထိန်းထိန်းသိမ်းသိမ်းလုပ်ခဲ့တာတွေကို လုံးဝလျစ်လျူရှုပြီး တစ်ပါတီအကျိုးအတွက်သာကြည့် ဆန့်ကျင်ဆန္ဒပြမှုတွေကနေ မင်းမဲ့စရိုက်ဆန်ဆန်အခြေအနေတွေ ဖြစ်လာခဲ့တယ်။ တပ်မတော်ကတော့ ဒီအခြေအနေတွေကို အဆင့်ဆင့် ထိန်းသိမ်းဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် NLD ပါတီဝင်အချို့က ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ဖွဲ့စည်းပြီး နိုင်ငံရေး မတည်မငြိမ်ဖြစ်အောင် အွန်လိုင်းပေါ်ကနေ သွေးထိုးပေးရာကနေ နောက်ဆုံးမှာ စင်ပြိုင်အစိုးရ NUG နဲ့ DPF အကြမ်းဖက်တပ်ဖွဲ့တွေဖွဲ့စည်းလို့ နိုင်ငံကိုမတည်မငြိမ်ဖြစ်ပြီး ပြိုကွဲဖို့အရေး ဦးတည်လာခဲ့လေတယ်။ PDF တွေကလည်း နိုင်ငံရေးအကြောင်းပြလို့ အကြမ်းဖက်လုပ်ရပ်တွေကို ခပ်စိပ်စိပ်လုပ်ဆောင်လာကြတယ်။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ကိုးကွယ်ဆည်းကပ်ရာ ရဟန်းသံဃာတော်တွေ၊ အနန္တဂိုဏ်းဝင် ဆရာ ဆရာမတွေ၊ နိုင်ငံ့ဝန်ထမ်းကောင်းတွေနဲ့ အေးချမ်းစွာနေထိုင်ကြတဲ့ ပြည်သူတွေရဲ့ စီးပွားရေးအဆောက်အဦတွေ၊ နေအိမ်တွေ၊ နိုင်ငံပိုင်အဆောက်အဦတွေ၊ လမ်း၊ တံတားတွေကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်သမားတွေက မိုင်းထောင်၊ မီးရှို့ဖျက်ဆီးလာကြတဲ့အတွက် နိုင်ငံတော်အနေနဲ့လည်း ၎င်းတို့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် မေလ ၈ ရက်မှာ ကြေညာခဲ့ရတယ်။ ပြည်သူတွေကလည်း PDF ရဲ့ မင်းမဲ့စရိုက်ဆန်ဆန်လုပ်ရပ်တွေကို သိလာကြပေမယ့် NLD ပါတီတစ်ဖက်တည်းကို မျက်စိမှိတ်ထောက်ခံပြီး CRPH၊ NUG၊ PDF တို့ရဲ့ အွန်လိုင်းပေါ်ကတင်သမျှကို အဟုတ်ထင်နေကြတဲ့ တစ်ယူသန်တွေနဲ့ ထိပ်တိုက်မတွေ့လိုကြဘူး။ ပိုဆိုးတာက ဘက်မလိုက်သူ (ကြားနေ) မှန်သမျှကို ခြိမ်းခြောက်သတ်ဖြတ်




- **CRPH ၊ NUG ၊ PDF ရဲ့ အကြမ်းဖက်သမားတွေရဲ့ လုပ်ရပ်ကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာလ ၂၀ ရက်အထိ လမ်း/တံတား ၃၉၇ ခု၊ ဆေးရုံ/ ဆေးခန်း ၂၅ ခု၊ စာသင်ကျောင်း ၄၄၄ ကျောင်း၊ ဈေး ၁၀ ခု၊ နိုင်ငံပိုင်ဘဏ် ၂၆ ခု၊ ပုဂ္ဂလိကဘဏ် ၄၁ ခု ဖောက်ခွဲဖျက်ဆီးခံခဲ့ရပြီး ရဟန်းသံဃာ သေဆုံး ၁၂ ပါး၊ ဒဏ်ရာရ ၁၃ ပါး၊ အစိုးရဝန်ထမ်း သေဆုံး ၃၈ ဦး၊ ဒဏ်ရာရ ၇၈ ဦး၊ ကျန်းမာရေးဝန်ထမ်း သေဆုံး သုံးဦး၊ ဒဏ်ရာရ ရှစ်ဦး၊ ပညာရေးဝန်ထမ်း သေဆုံး ၁၂ ဦး၊ ဒဏ်ရာရ ၁၅ ဦး၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင် သေဆုံး ၁၉၈ ဦး၊ ဒဏ်ရာရ ၁၄၈ ဦး၊ အပြစ်မဲ့အရပ်သား သေဆုံး ၆၀၀ ကျော်ရှိခဲ့**
- **အချိန်တန်ရင်တော့ ဖားကဖား ငါးကငါး ဖြစ်လာမှာပါ။ အွန်လိုင်းက ဝါဒဖြန့်နေတာကလည်း အချိန်တန်တော့ အမှားအမှန် ကွဲပြားသွားမှာပါ။ အခုတောင် PDF ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို စိတ်ပျက်လာတဲ့ ပြည်သူတွေ တဖြည်းဖြည်း များလာတာကို မြင်တွေ့ရမှာပါ။ မကောင်းမှုဆိုတာ ကြာရှည်မခံပါဘူး။**

လာတာ၊ Non Combatant Civilian အရပ်သားတွေအပေါ်မှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ပြုလုပ်လာတာပဲဖြစ်တယ်။

**CRPH၊ NUG၊ PDF ရဲ့ အကြမ်းဖက်သမားတွေရဲ့ လုပ်ရပ်ကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာလ ၂၀ ရက်အထိ လမ်း/တံတား ၃၉၇ ခု၊ ဆေးရုံ/ ဆေးခန်း ၂၅ ခု၊ စာသင်ကျောင်း ၄၄၄ ကျောင်း၊ ဈေး ၁၀ ခု၊ နိုင်ငံပိုင်ဘဏ် ၂၆ ခု၊ ပုဂ္ဂလိကဘဏ် ၄၁ ခု ဖောက်ခွဲဖျက်ဆီးခံခဲ့ရပြီး ရဟန်းသံဃာ သေဆုံး ၁၂ ပါး၊ ဒဏ်ရာရ ၁၃ ပါး၊ အစိုးရဝန်ထမ်း သေဆုံး ၃၈ ဦး၊ ဒဏ်ရာရ ၇၈ ဦး၊ ကျန်းမာရေး ဝန်ထမ်း သေဆုံး သုံးဦး၊ ဒဏ်ရာရ ရှစ်ဦး၊ ပညာရေး ဝန်ထမ်း သေဆုံး ၁၂ ဦး၊ ဒဏ်ရာရ ၁၅ ဦး၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင် သေဆုံး ၁၉၈ ဦး၊ ဒဏ်ရာရ ၁၄၈ ဦး၊ အပြစ်မဲ့အရပ်သား သေဆုံး ၆၀၀ ကျော်** ရှိခဲ့တယ်။ ဒီအချက်အလက်တွေကို နိုင်ငံပိုင်သတင်းစာတွေမှာ နေ့စဉ်နဲ့အမျှ ဖော်ပြပေးနေသလို ကမ္ဘာ့ကုလသမဂ္ဂထံတင်သွင်းခဲ့တဲ့ ရှင်းလင်းချက်စာတမ်းတွေမှာလည်း အထောက်အထားအချက်အလက်အတိအကျနဲ့ ဖော်ပြခဲ့တယ်။ အလားတူ နိုင်ငံတကာဆွေးနွေးပွဲတွေမှာလည်း မြန်မာနိုင်ငံရဲ့ လက်ရှိ အခြေအနေတွေကို ကြုံတိုင်းပြောပြပေးနေလေတော့ အာဆီယံအစည်းအဝေးတို့၊ ကမ္ဘာ့လုံးဆိုင်ရာအစည်းအဝေးတွေမှာ နိုင်ငံတကာရဲ့လေသံတွေက ပျော့ပြောင်းတဲ့ဘက်ဆီ ယိမ်းလာတာကို တွေ့ရမှာပါ။ အချိန်တန်ရင်တော့ ဖားကဖား ငါးကငါး ဖြစ်လာမှာပါ။ အွန်လိုင်းက ဝါဒဖြန့်နေတာကလည်း အချိန်တန်တော့ အမှားအမှန် ကွဲပြားသွားမှာပါ။ အခုတောင် PDF ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို စိတ်ပျက်လာတဲ့ ပြည်သူတွေ တဖြည်းဖြည်း များလာတာကို မြင်တွေ့ရမှာပါ။ မကောင်းမှုဆိုတာ ကြာရှည်မခံပါဘူး။ မြန်မာနိုင်ငံသားမှန်ရင် ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံကို ချောက်ထဲဆွဲချမယ့်အရေးတော့ လက်ပိုက်ကြည့်နိုင်မှာမဟုတ်ပါဘူး။ ခဏတာ သတင်းမှားတွေ၊ ပါတီစွဲတွေ အမှောင်ဖုံးနေတာလေးတွေက နေလာရင် နှင်းကွဲသွားမှာပါ။ အခိုက်တန့်ပါပဲ။

## ပြည်သူတွေဘေးကင်းဖို့အရေး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေး

နိုင်ငံတော်တာဝန် လွှဲပြောင်းရယူပြီးနောက်ပိုင်းမှာ ကိုဗစ်ရောဂါကူးစက်မှု အခြေအနေတွေကို ထိန်းချုပ်ရတာတစ်ဖက်၊ နိုင်ငံရေးမတည်ငြိမ်တာကို ထိန်းသိမ်းရတာတစ်ဖက်၊ အကြမ်းဖက်အဖွဲ့ကို နှိမ်နင်းရတာတစ်ဖက်၊ အခွင့်ကောင်းယူဖို့ စောင့်နေကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေကို ကိုင်တွယ်ရတာတစ်ဖက်နဲ့ နေ့မနားညမအား အလုပ်လုပ်နေကြတာကို နေ့စဉ်သတင်းစာတွေ၊ ရုပ်သံသတင်းထုတ်လွှင့်မှုတွေ ကြည့်ရင်သိနိုင်ပါတယ်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှာလည်း ကိုဗစ်ကာကွယ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမယ်လို့ ပြောထားပါတယ်။ နေ့စဉ်လည်း ကိုဗစ်ရောဂါစစ်ဆေးမှု၊ ပိုးတွေ့ရှိမှု၊ ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေတွေကို စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးနေတာကို တွေ့ရမှာပါ။ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ တစ်နိုင်ငံလုံး အတိုင်းအတာအရ ကိုဗစ်ရောဂါ **ဓာတ်ခွဲနမူနာစုစုပေါင်း** ၅၅၈၃၉၀၈ ခု စစ်ဆေးခဲ့ပြီး **အတည်ပြုလူနာ** စုစုပေါင်း ၅၂၂၄၀၂ ဦး ရှိပြီဖြစ်ပါတယ်။ အဲဒီအထဲမှာ **သေဆုံး** ၁၉၁၀၄ ဦး၊ **ဆေးရုံပြန်ဆင်းခွင့်ရရှိသူ** ၄၉၇၂၄၉ ဦး ရှိပြီဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံမှုအနေနဲ့လည်း နိုဝင်ဘာလ ၂၇ ရက်အထိ **ပထမအကြိမ်ထိုးနှံပြီးစီးသူ** ၄၈၇၀၂၁၉ ဦး၊ **ဒုတိယအကြိမ်ထိုးနှံပြီးစီးသူ** ၁၁၆၁၅၀၉၆ ဦး ရှိပြီဖြစ်ပါတယ်။ ဒါကြောင့် **ဆေးထိုးနှံမှုအကြိမ်ရေစုစုပေါင်း** ၂၈၁၀၀၄၁၁ ကြိမ် ထိုးနှံပြီးဖြစ်ပါတယ်။ ဒ့ါအပြင် ကိုဗစ်ရောဂါကာကွယ်ရေး အသိပေးနှိုးဆော်ချက်တွေကိုလည်း မပြတ်လုပ်ဆောင်နေခဲ့တာကို တွေ့ရမှာပါ။ ဒါတွေဟာ မြန်မာနိုင်ငံသားတွေ ကောင်းကျိုးအတွက် ပြည်ပသွေးထိုးမှုတွေနဲ့ အကြမ်းဖက် အနှောင့်အယှက်တွေကြားထဲကနေ ကြိုးပမ်းခဲ့တဲ့ စေတနာတွေဆိုတာ မြင်ရပါလိမ့်မယ်။

## စစ်ရာဇဝတ်မှုမြောက်ကြောင်း စွပ်စွဲမှုနဲ့ပတ်သက်လို့

တပ်မတော်က နိုင်ငံတော်အာဏာကို ရယူခဲ့ရာမှာ အာဏာထိန်းမှုကို ဆန့်ကျင်တဲ့အနေနဲ့ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ အကြမ်းဖက်မှုတွေ ပိုမိုမြင့်တက်လာနေတယ်၊ တပ်မတော်ဘက်က PDF တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေကို တိုက်ခိုက်ရာမှာ အရပ်သားတွေကို လူသားတံတိုင်းအဖြစ် အသုံးချနေတယ်၊ အဆောက်အဦတွေဖျက်ဆီးနေတယ်၊ ဒါတွေဟာ စစ်ရာဇဝတ်မှုမြောက်ပါတယ်လို့ GCR2P ရဲ့ အပတ်စဉ်ထုတ်ဆောင်းပါးမှာ ဖော်ပြခဲ့တာနဲ့ပတ်သက်ပြီးလည်း ပြောချင်ပါတယ်။

NUG၊ PDF ရဲ့ မင်းမဲ့စရိုက်ဆန်ဆန် မီးရှို့၊ လူသတ်၊ မိုင်းခွဲဖျက်ဆီးမှုတွေက တော်လှန်ရေးလုပ်နေတာဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဘာလုပ်လုပ် မှန်ကန်တဲ့လုပ်ရပ် ဖြစ်သွားပြီလား၊ စစ်ရာဇဝတ်မှု မမြောက်တော့ဘူးလား၊ တကယ်တော့ အကြမ်းဖက်မှုက အကြမ်းဖက်မှုပါပဲ၊ ဘယ်လိုပဲ ခေါင်းစဉ်တပ်ပါစေ ဆင်သေကို ဆိတ်သားရေနဲ့ဖုံးလို့မရပါဘူး။ ရေငုံနှုတ်ပိတ်နေလို့လည်း ပြည်သူတွေခံစားနေရတဲ့ ဒုက္ခတွေက မပြီးသွားပါဘူး။ လိုရာဆွဲတွေး ခေါင်းစဉ်လှလှတပ်လို့လည်း အကြမ်းဖက်မှုတွေက မှန်ကန်တဲ့လုပ်ရပ်ဖြစ်မသွားပါဘူး။ တပ်မတော်က နိုင်ငံတော် တည်ငြိမ်အေးချမ်းဖို့ အစွမ်းကုန်ဆောင်ရွက်နေပေမယ့် နိုင်ငံတကာမှာ အခုလို အပုပ်ချ တစ်ဖက်စောင်းနင်းရေးသားဖော်ပြတာတွေ တွေ့လာရတော့ ပြည်သူတစ်ဦးအနေနဲ့ လက်ပိုက်ကြည့်မနေနိုင်တော့ပါဘူး။ ချင်းပြည်နယ်မှာ လတ်တလော တိုက်ကွက် အသည်းအသန်ဖော်နေတဲ့ကိစ္စကလည်း အမှန်တော့ နိုဝင်ဘာလ ၈ ရက်မှာ ကုလသမဂ္ဂမှာ မြန်မာ့အရေးဆွေးနွေးဖို့ရှိနေချိန် စကားပြောကောင်းသွားအောင် အဲဒီရက်မတိုင်ခင် အချိန်ကိုက် လုပ်တာပါပဲ။ ဒါတွေက မကြာခဏကြုံဖူးနေကျဖြစ်လို့နေပါပြီ။ အွန်လိုင်းပေါ်က ဗီဒီယိုဖိုင်တွေမှာလည်း တွေ့ကြမှာပါ။ PDF အကြမ်းဖက်တွေက မြို့ထဲမှာ တိုက်ပွဲဖြစ်အောင် တမင်ဖန်တီးပြီး ပြည်သူကို ဒိုင်းအဖြစ်ကာရံလို့ တပ်ကို ခွင်ဆင်အပုပ်ချတဲ့အကွက်ပါ။

## လုံခြုံရေးကောင်စီ တံခါးပိတ်ဆွေးနွေးမှုနဲ့ ပတ်သက်လို့

ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မြန်မာ့အရေးနဲ့ပတ်သက်ပြီး နိုဝင်ဘာလ ၈ ရက်က တံခါးပိတ်အစည်းအဝေးပြုလုပ်ခဲ့ပေမယ့် ထိရောက်တဲ့ အရေးယူမှုလုပ်ဖို့ သဘောတူညီချက် မရခဲ့ပါဘူး။ လုံခြုံရေးကောင်စီအနေနဲ့ မြန်မာနိုင်ငံအထက်ပိုင်းမှာ

*စာမျက်နှာ ၁၈ သို့*

# အကြမ်းဖက်သမားများက စာသင်ကျောင်းများအား လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအသုံးပြု၍ ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂**

အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များအတွက် ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများနှင့် ဌာနဆိုင်ရာရုံးများအား လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ ပစ်ပေါက်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များပြုလုပ်ခဲ့ရာ ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄)ရပ်ကွက် လမ်း ၆၀ နှင့် ၆၁ လမ်းကြား ၁၁၁ လမ်းပေါ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ မသင်္ကာဖွယ်အထုပ်တစ်ထုပ်တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ PVC ပိုက်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံးအား တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်ရှင်းလင်းနေစဉ် အဆိုပါနေရာနှင့် ၁၅ ပေခန့်အကွာမှ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အဦ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။



ချမ်းမြသာစည်မြို့နယ် ၁၁၁ လမ်းပေါ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ အကြမ်းဖက်သူများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။





တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်ပေါက်အနီး လက်လုပ်မိုင်းတစ်လုံးတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

အလားတူ ဒီဇင်ဘာ ၁ ရက် ည ၈ နာရီခွဲတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဝင်ပေါက်အနီး၌ အကြမ်းဖက်သူများ ထောင်ထားသည့် PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည်။ ထို့ပြင် ဒီဇင်ဘာ ၂ ရက် နံနက် ၆ နာရီခွဲတွင် အဆိုပါကျောင်းဝင်ပေါက်အနီး၌ လက်လုပ်မိုင်းတစ်လုံးတွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကျောင်းဝင်ပေါက်တံခါးအောက်၌ အကြမ်းဖက်သူများထောင်ထားသည့် PVC ပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်မိုင်းတစ်လုံးအားတွေ့ရှိရပြီး သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်းနှင့် ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အဦ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၂ ရက် နံနက် ၇ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၇)ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့ ဝင်ပေါက်အနီး၌ မသင်္ကာဖွယ်အထုပ်တစ်ထုပ်တွေ့ရှိကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကျောင်းဝင်ပေါက်အနီး ခြံစည်းရိုးအပြင်ဘက်၌တွေ့ရသည့် အထုပ်အတွင်းမှ PVC ပိုက်ဖြင့်ပြုလုပ်ထားပြီး Keypad ဖုန်းဖြင့် ချိတ်ဆက်ထားသည့် လက်လုပ်မိုင်းတစ်လုံးကိုတွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်ပြီး ဆက်လက်စစ်ဆေးခဲ့ရာ ဝင်ပေါက်အနီးရှိ သစ်ပင်အောက်၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲထားသည့် အပိုင်းအစများ တွေ့ရှိရကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

မြင့်တက်နေတဲ့ တင်းမာမှုတွေကို တားဆီးဖို့နဲ့ R2P မူကိုဆွဲကိုင်လို့ ပိတ်ဆို့မှုတွေနဲ့ လက်နက်ကုန်သွယ်မှုတွေ ပိတ်ဆို့ဖို့၊ တပ်မတော်အစိုးရရဲ့ကိုယ်စားလှယ်ကို အသိအမှတ်မပြုဖို့ ဆွေးနွေးခဲ့ကြတယ်လို့ ဖော်ပြထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြလိုပါတယ်။

လွတ်လပ်ရေးရပြီးကတည်းက မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက်မှာ အနောက်အုပ်စုရဲ့ ကြားဝင်စွက်ဖက်နှောင့်ယှက်မှုတွေကို အမြဲကြုံခဲ့ကြတာ ပြည်သူတွေလည်း ရိုးအီနေလောက်ပြီ ထင်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂဟာ အနောက်အုပ်စုရဲ့ ကြိုးဆွဲရာကလိုက်၊ ရေနံ့သူဌေး အိုအိုင်စီနိုင်ငံတွေက ကြိုးဆွဲရာကလိုက်နဲ့ ရုပ်သေးသာသာပဲ ရှိတော့တာပါ။ ကမ္ဘာ့သမိုင်းပြန်ကြည့်ရင်လည်း ပထမကမ္ဘာစစ်ကြီးအပြီး ၁၉၂၀ မှာ ဖွဲ့စည်းခဲ့တဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီး နှစ်ပေါင်းနှစ်ဆယ်ကျော်သာ ရပ်တည်နိုင်ခဲ့ရတဲ့ အကြောင်းရင်းက အင်အားကြီးနိုင်ငံတွေရဲ့ ဒီလိုမျိုး တစ်ဖက်စောင်းနင်းပြုမူ မှုတွေကြောင့်ပဲ။ ဒါကြောင့် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ရယ်လို့ ပြန်လည်ဖွဲ့စည်းခဲ့ပြီး သမာသမတ်ကျစွာ ရပ်တည်လာခဲ့တဲ့အချိန်တွေရှိခဲ့ပေမယ့် ၂၀ ရာစုနောက်ပိုင်းမှာတော့ ကမ္ဘာ့အရေးနဲ့ပတ်သက်ပြီး ရုပ်သေးသာသာပြုမူ လုပ်ဆောင်လာတာတွေကိုသာ တွေ့ရတော့မှာ ဖြစ်ပါတယ်။ နိုင်ငံတကာသတင်းတွေကို နေ့စဉ်ဖတ်ရှုနေတဲ့သူတွေအဖို့တော့ အခြားနိုင်ငံတွေရဲ့အရေးနဲ့ ချိန်ထိုးကြည့်တဲ့အခါ ထင်းခနဲမြင်တွေ့ရမှာဖြစ်လို့ အထွေအထူးရှင်းပြနေဖို့မလိုတော့တဲ့ ကိစ္စပါ။ ကမ္ဘာတစ်ဝှမ်းမှာ၊ အထူးသဖြင့် အရှေ့အလယ်ပိုင်းမှာဖြစ်ပွားခဲ့တဲ့ အမေရိကန်ရဲ့ နိုင်ငံငယ်တွေအပေါ် ကျူးလွန်ခဲ့တဲ့ စစ်ရာဇဝတ်မှုတွေ၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ပတ်သက်လို့ကတော့ အမှုတွဲတွေ မှိုတက်နေပြီထင်ပါရဲ့ဗျာ။ လုံးဝမဖြစ်ခဲ့သလားပဲ။ ဒါပေမယ့်လည်း ဒါတွေက မြန်မာ့အရေးမဟုတ်လေတော့ ဒီနေရာမှာ အကျယ်တဝင့် မပြောလိုဘူး။ မြန်မာနိုင်ငံနဲ့သက်ဆိုင်တာက ကုလသမဂ္ဂမှာ မြန်မာနိုင်ငံ တရားဝင်ကိုယ်စားလှယ်ကို အသိအမှတ်မပြုလိုဘူးဆိုတဲ့ကိစ္စကတော့ ဘယ်လိုမှ သည်းမခံသင့်တဲ့အရာပဲ။ ဒါပေမယ့် သူများပြည်တွင်းရေးကို ကြိုးကိုင်ခြယ်လှယ်တဲ့ အနောက်အုပ်စုရဲ့ ကြိုးပမ်းချက်တွေက သဲထဲရေသွန်သလိုပါပဲ။ ယခင်ကလည်း ဝင်ရောက်စွက်ဖက်ခဲ့တဲ့ အစဉ်အလာရှိတယ်၊ နောင်လည်း ရှိနေဦးမှာပါပဲ။ သို့ပေမယ့် ကိုယ်ကောင်းရင် ခေါင်းမရှော့ပါဘူးဗျာ။

**နိဂုံး**

နိဂုံးချုပ်အနေနဲ့ပြောလိုတာကတော့ မြန်မာနိုင်ငံဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆက်ပြီးသွားနေတယ် ဆိုတာပါပဲ။ တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အုပ်ချုပ်နေတာဖြစ်ပြီး ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်(၅)ချက်၊ ဦးတည်ချက်(၉)ရပ်တို့ ချမှတ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံအခြေအနေတည်ငြိမ်အောင်ကြိုးပမ်းနေသလိုရွေးကောက်ပွဲ အမြန်ဆုံးပြန်လည်ကျင်းပပေးပြီး ဒီမိုကရေစီနည်းနဲ့ တက်လာတဲ့ အစိုးရထံ နိုင်ငံတော်အာဏာ ပြန်လည်လွှဲအပ်ပေးနိုင်ဖို့ကို အားသွန်ခွန်စိုက်ကြိုးပမ်းနေပါတယ်။ ဒီအခြေအနေတွေကို မျက်ကွယ်ပြုပြီး အွန်လိုင်းပေါ်ကနေ အကြမ်းဖက်အားပေးပို့စ်တွေ၊ နိုင်ငံတကာရဲ့ တစ်ဖက်စောင်းနင်းဖော်ပြမှုတွေကို နားယောင်ပြီး NUG နဲ့ PDF တွေရဲ့ နိုင်ငံမတည်မငြိမ်ဖြစ်အောင် လှုံ့ဆော်နေတာတွေ၊ အကြမ်းဖက်နေတာတွေ၊ အင်အားကြီးနိုင်ငံတွေနဲ့ အိုအိုင်စီတို့ရဲ့ ရုပ်သေးဖြစ်တဲ့ ကုလအဖွဲ့ရဲ့ အမှန်တရားကို မျက်ကွယ်ပြုတဲ့ အကြမ်းဖက်အားပေးလုပ်ရပ်တွေကို မြန်မာနိုင်ငံသားတွေအနေနဲ့ ခေါင်းငုံ့ခံပြီး သူများတံတွေးခွက် ပက်လက်မမျောကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

# တန့်ဆည်မြို့နယ် ရေဦး-တန့်ဆည်ကားလမ်းပေါ်ရှိ ကွန်ကရစ်တံတားနှင့် အမရပူရမြို့နယ် ထုံးဘို-ပြင်ဦးလွင်လမ်းပေါ်ရှိ တံတားတို့အား အကြမ်းဖက်သမားများက မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားကာ အကြမ်းဖက်သမားများ သေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ရေဦး - တန့်ဆည် ကားလမ်းပေါ်ရှိ ကွန်ကရစ် တံတားနှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ထုံးဘို-ပြင်ဦးလွင်လမ်းပေါ်ရှိ မင်္ဂလာတံတားတို့အား အကြမ်းဖက်သမားတို့က မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားကာ အကြမ်းဖက်သမားများ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် တန့်ဆည်မြို့နယ် ကျွဲဆွဲကျေးရွာအနီး၌ မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ မိုင်းထောင်နေသည့် အကြမ်းဖက်သမားတစ်ဦး သေဆုံးကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အကြမ်းဖက်သမားတစ်ဦးသည် ဦးခေါင်းမိုင်းစထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးလျက်ရှိသည်ကို တွေ့ရှိရသည်။

အလားတူ ဒီဇင်ဘာ ၂ ရက် နံနက် ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ထုံးဘို-ပြင်ဦးလွင်အတက် ကားလမ်း မိုင်တိုင်အမှတ် ၃ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံအကြား တမုတ်ဆိုးကျေးရွာအနီးရှိမင်္ဂလာတံတားပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါတံတား တောင်ဘက်ထိပ်၌ အကြမ်းဖက်သမားတစ်ဦးက PVC ပိုက်ဖြင့် ပြုလုပ်ထားပြီး Keypad ဖုန်းဖြင့် ချိတ်ဆက်ထားသည့် လက်လုပ်မိုင်းတစ်လုံးအား ထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် အကြမ်းဖက်သမားမှာ ဒူးအထက်မှ ပြတ်ထွက်ဒဏ်ရာ၊ ဦးခေါင်းဝဲဘက်ခြမ်းပွင့်ထွက်ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး တံတားလက်ရန်း ၁၂ ပေခန့် ပျက်စီးနေသည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့ အများပြည်သူသွားလာလှုပ်ရှား အသုံးပြုလျက်ရှိသည့်တံတားအား ဖျက်ဆီးရန်နှင့် လမ်းမကြီးအား အသုံးပြုသွားလာနေသူများအား ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် မိုင်းထောင်နေစဉ်ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံးခဲ့သည့်အကြမ်းဖက်သမား၏ အလောင်းအား တန့်ဆည်မြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိပြီး ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရေဦး-တန့်ဆည် ကားလမ်းပေါ်ရှိ ကွန်ကရစ်တံတားအနီး၌ အကြမ်းဖက်သမားတစ်ဦးက မိုင်းထောင်နေစဉ် ပေါက်ကွဲကာ သေဆုံးခဲ့မှု။



ထုံးဘို-ပြင်ဦးလွင်အတက်ကားလမ်း တမုတ်ဆိုးကျေးရွာအနီးရှိ မင်္ဂလာတံတားပေါ်၌ အကြမ်းဖက်သမားတစ်ဦးက မိုင်းထောင်နေစဉ် ပေါက်ကွဲခဲ့မှု။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၁၂-၂၀၂၁ သောကြာနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ရတနသုတ်၊မောရွှ်ဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၅:၁၀ | Weekly Sports Info |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၅:၂၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၁ခုနှစ်၊နိုဝင်ဘာလ)(တတိယပိုင်း) |
| ၀၉:၁၅ | နဝဂ်ဥပေါ်ဩသထသီလ | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၂၅ | မျက်မှောက်ရေးရာအဖြာဖြာ | ၁၈:၁၀ | သုတဝေဖြာသီရိဂေဟာ |
| ၀၉:၄၅ | Soccer View | ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'မဟာမျက်နှာဖုံး' (အပိုင်း-၂၄) |
| ၁၀:၀၀ | သတင်းထဲကသတင်း | | |
| ၁၀:၁၅ | လူမှုစီးပွားမြင်ကွင်းများ | | |
| ၁၁:၁၀ | MRTV National News | | |
| ၁၅:၀၀ | Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဘောဂဗေဒဘာသာရပ်' | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၅:၂၅ | ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ စကားဝိုင်းဆွေးနွေးခန်းအစီအစဉ် | ၂၁:၀၀ | 'တူယှဉ်နွဲ့ပျော် ဂီတပွဲတော်' သီချင်းဆိုပြိုင်ပွဲ(ပွဲစဉ်-၂) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၁၆:၁၅ | လူငယ်မျိုးဆက်သစ်အစီအစဉ် | | |

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

07:01 News
07:26 Global Partnership for Brighter Future: Switzerland Pavilion at Expo 2020 Dubai
07:35 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
07:39 Yoga & Health
08:01 Talent Show on a Maze of Xylophones
08:06 Tea
08:13 Discovering Tribes: "Ta'ang (Palaung): their life and customs"
09:01 Horse Cart Driver
09:11 Friendship & Cooperation: Guozhuang Dance (CHINA)
09:18 Let's taste "Sabuti"
09:26 Unique Art of Stucco Work
09:43 Myanmar Big Circular Tray

**MRTV NRC**

**ပအိုဝ်းရင်** (၀၆:၀၀ မှ ၀၇:၀၀)
ဝါးဆစ်ဘူးတာလပေါ့

**အနောက်ပိုးကရင်** (၀၇:၀၀ မှ ၀၈:၀၀)
သာယာလှပသဲဖြူကျွန်းအလှ

**အရှေ့ပိုးကရင်** (၀၈:၀၀ မှ ၀၉:၀၀)
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇို)** (၀၉:၀၀ မှ ၁၀:၀၀)
ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး)** (၁၀:၀၀ မှ ၁၁:၀၀)
နာခေါင်းပုလွေမှုတ်

**မွန်** (၁၁:၀၀ မှ ၁၃:၀၀)
ငါးနုပ်မရမ်းပြားမွှန်ချက်

**ရခိုင်** (၁၃:၀၀ မှ ၁၅:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၂)

**ရှမ်း** (၁၅:၀၀ မှ ၁၇:၀၀)
ရင်ထဲကလက်မှုပညာ(လှည်းဘီး)

**ဝ** (၁၇:၀၀ မှ ၁၉:၀၀)
ရတနာအလားကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ (ASngkor Throm)

**ကချင်** (၁၉:၀၀ မှ ၂၁:၀၀)
ခါကြက်ဥပူတင်းချက်စားကြမယ်

**ကယား** (၂၁:၀၀ မှ ၂၃:၀၀)
ဖက်ခါးရွက်နဲ့ဝက်သားချက်

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလံ
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၂)
၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနဲ့ဒေါသ'
၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို နေ့စဉ်တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

---

# အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့"

"Orange the world: End violence against women now!"

၂၅-၁၁-၂၀၂၁ နေပြည်တော်

---

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၁၂-၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၅၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၇၀၆၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၃၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၆၈၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၈၀/၁၂၉၀ ကျပ် | ၁၃၁၀/၁၃၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၉၀/၁၃၁၀ ကျပ် | ၁၃၂၅/၁၃၇၆ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၈၀/၁၂၉၀ ကျပ် | ၁၃၂၀/၁၃၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၅၀/၁၃၇၅ ကျပ် | ၁၄၇၅/၁၄၈၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၈၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၂၀ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၆ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၇၄၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၅ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၁ . ၈၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၀၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၂၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၂၉၅ | ၂၅၀၇၅၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၅၀၅၃ | ၁၅၂၈၆၉၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၂ | ၁၅၈၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၅၂ | ၃၀၄၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၃ | ၆၅၀၀၀ |

ညီညီ - စုစည်းသည်

---

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် နေအိမ် ၃၆၀ ပျက်စီးဆုံးရှုံးခဲ့ရ

နေပြည်တော် ဒီဇင်ဘာ ၂

**CRPH နှင့် NUG အမည်ခံအကြမ်းဖက်အဖွဲ့များသည် အလုံးစုံ ပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် အေးချမ်းစွာ နေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများ၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများနှင့် စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား လုယက်ခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ နေအိမ် ၃၆၀ ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်-**

၁-၂-၂၀၂၁ ရက်မှ၂၀-၁၁-၂၀၂၁ ရက်အထိ အကြမ်းဖက်သမားများကြောင့်
ပုဂ္ဂလိကလူနေအိမ်ပျက်စီးဆုံးရှုံးမှု

*(ယမန်နေ့မှအဆက်)*

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | ခရိုင် မြို့နယ် | နေအိမ်အဆောက်အဦ အခင်းဖြစ်နေရာ | ဖြစ်စဉ် အကျဉ်း |
|---|---|---|---|---|---|
| ၁၆၄ | ၂၀-၂-၂၀၂၁ | ရန်ကုန် | ဒဂုံ(အရှေ့) | ဦးစောထွေး၏ နေအိမ် | ဝိုင်းရိုက်သတ်ဖျက်မှု။ |
| ၁၆၅ | ၂၃-၃-၂၀၂၁ | စစ်ကိုင်း | ကလေး | ဦးသန်းအောင်နေအိမ် | ဝိုင်းရိုက်သတ်ဖျက်မှု။ |
| ၁၆၆ | ၂၈-၃-၂၀၂၁ | ရန်ကုန် | အင်းစိန် | ဦးစိုးထက်ပိုင်နေအိမ် | ဝိုင်းရိုက်သတ်ဖျက်မှု။ |
| ၁၆၇ | ၂၉-၃-၂၀၂၁ | မန္တလေး | အမရပူရ | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၁၆၈ | ၁-၄-၂၀၂၁ | မန္တလေး | စဉ့်ကူး | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၁၆၉ | ၁-၄-၂၀၂၁ | ပဲခူး | တောင်ငူ | နေအိမ် | နေအိမ်ခြံဝင်းအတွင်းသို့ ခဲများဖြင့် ပစ်ခတ်မှု။ |
| ၁၇၀ | ၄-၄-၂၀၂၁ | စစ်ကိုင်း | တမူး | ဦးမြသန်း၏နေအိမ် | ဝိုင်းရိုက်သတ်ဖျက်မှု။ |
| ၁၇၁ | ၆-၄-၂၀၂၁ | မန္တလေး | အမရပူရ | နေအိမ် | လေးခွများဖြင့် ပစ်ခတ်တိုက်ခိုက်မှု။ |
| ၁၇၂ | ၁၂-၄-၂၀၂၁ | မကွေး | တောင်တွင်းကြီး | နေအိမ်များ | နေအိမ်အဆောက်အဦများ အားအကြမ်းဖက်ဖျက်ဆီးမှု။ |
| ၁၇၃ | ၂၀-၄-၂၀၂၁ | စစ်ကိုင်း | ကောလင်း | နေအိမ် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၇၄ | ၂၁-၄-၂၀၂၁ | ရန်ကုန် | မြောက်ဥက္ကလာပ | ဒေါ်သန်းသန်းထွေးနေအိမ် | ဝိုင်းဝန်းခေါ်ဆောင်သတ်ဖျက်မှု။ |
| ၁၇၅ | ၉-၅-၂၀၂၁ | ပဲခူး | ရေတာရှည် | ဦးခင်ငွေ၏နေအိမ် | သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု။ |
| ၁၇၆ | ၁၉-၅-၂၀၂၁ | စစ်ကိုင်း | ယင်းမာပင် | နေအိမ်ဈေးဆိုင် | အကြမ်းဖက် ဖျက်ဆီးမှု။ |
| ၁၇၇ | ၉-၆-၂၀၂၁ | စစ်ကိုင်း | ကောလင်း | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၁၇၈ | ၂၅-၆-၂၀၂၁ | ကချင် | ရွှေကူ | ဒေါ်ကြည်ငွေ၏ နေအိမ် | လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု။ |
| ၁၇၉ | ၂၅-၆-၂၀၂၁ | စစ်ကိုင်း | ကောလင်း | နေအိမ် | သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု။ |
| ၁၈၀ | ၂၇-၆-၂၀၂၁ | စစ်ကိုင်း | ကောလင်း | နေအိမ် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၈၁ | ၂၅-၇-၂၀၂၁ | စစ်ကိုင်း | ယင်းမာပင် | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၁၈၂ | ၂၆-၃-၂၀၂၁ | တနင်္သာရီ | မြိတ်မြို့ | နေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၁၈၃ | ၂-၈-၂၀၂၁ | မန္တလေး | အမရပူရ | ရွှေဂွမ်းထုတ်ရပ်ကွက်၊ နဂါးရုံဘုရားအနီး | လက်လုပ်အသံဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၈၄ | ၂-၈-၂၀၂၁ | ရန်ကုန် | ဒလမြို့နယ် | နေအိမ်ခြံစည်းရိုးအနီး သမ္မတကမ်းခြေ ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၈၅ | ၂-၈-၂၀၂၁ | ရန်ကုန် | တွံတေး | ကံဘဲ့ကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၈၆ | ၂-၈-၂၀၂၁ | ရန်ကုန် | တွံတေး | ကျိုက္ကလဲကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၈၇ | ၅-၈-၂၀၂၁ | မကွေး | တောင်တွင်းကြီး | မောင်းတိုင်၂ရပ်ကွက် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၈၈ | ၅-၈-၂၀၂၁ | မွန် | ကျိုက်ထို | ကင်မွန်းချောင်းကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၈၉ | ၇-၈-၂၀၂၁ | မကွေး | ပခုက္ကူ | ၁၃ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၉၀ | ၈-၈-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | မြို့သစ်၂ရပ်ကွက်၊ နေအိမ်ခြံဝင်းအတွင်း | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၉၁ | ၉-၈-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | အောင်သာယာရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၉၂ | ၉-၈-၂၀၂၁ | စစ်ကိုင်း | ဝက်လက် | သားနားကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၉၃ | ၉-၈-၂၀၂၁ | ရန်ကုန် | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၃၀ ရပ်ကွက် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၉၄ | ၁၁-၈-၂၀၂၁ | ကချင် | မိုးညှင်း | မိုင်းနောင်ကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၉၅ | ၁၁-၈-၂၀၂၁ | ချင်း | ထန်တလန် | ၂ရပ်ကွက် | လက်လုပ်အသံမိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၉၆ | ၁၁-၈-၂၀၂၁ | စစ်ကိုင်း | ကောလင်း | ယားတောင်ကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၉၇ | ၁၁-၈-၂၀၂၁ | မကွေး | ချောက် | အမှတ်၁၂ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၉၈ | ၁၁-၈-၂၀၂၁ | ရန်ကုန် | သံလျင် | မြို့ဟောင်းရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၁၉၉ | ၁၂-၈-၂၀၂၁ | စစ်ကိုင်း | ပင်လယ်ဘူး | နမ္မာကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၀၀ | ၁၄-၈-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | ကန်သာယာရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၀၁ | ၁၅-၈-၂၀၂၁ | စစ်ကိုင်း | ပုလဲမြို့နယ် | ပုလဲတောင်ပိုင်းရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၀၂ | ၁၆-၈-၂၀၂၁ | စစ်ကိုင်း | တန့်ဆည် | ဒေါင့်ကြီးကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၀၃ | ၂၂-၈-၂၀၂၁ | စစ်ကိုင်း | စစ်ကိုင်း | မြဝတီရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၀၄ | ၂၃-၈-၂၀၂၁ | ရန်ကုန် | သန်လျင် | ထန်းပင်ကုန်းရပ်ကွက် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၀၅ | ၂၄-၈-၂၀၂၁ | မကွေး | ပေါက် | ရေပြကျေးရွာ | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၀၆ | ၂၅-၈-၂၀၂၁ | စစ်ကိုင်း | ကလေး | သဇင်ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၀၇ | ၂၅-၈-၂၀၂၁ | ရှမ်း | ဖယ်ခုံ | ရွှေပြည်အေးကျေးရွာ | လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု။ |
| ၂၀၈ | ၂၆-၈-၂၀၂၁ | စစ်ကိုင်း | ကောလင်း | မြောက်အင်းရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၀၉ | ၂၆-၈-၂၀၂၁ | မကွေး | တောင်တွင်းကြီး | အုန်းတော်၁ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၁၀ | ၂၇-၈-၂၀၂၁ | ရှမ်း | ဖယ်ခုံ | ညောင်ကုန်း (၅)ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၁၁ | ၂၈-၈-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | ရဲမှူးနေအိမ် | မီးရှို့ဖျက်ဆီးမှု။ |
| ၂၁၂ | ၂၈-၈-၂၀၂၁ | မန္တလေး | အောင်မြေသာစံ | အနိုပ်တော်ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၁၃ | ၂၉-၈-၂၀၂၁ | ကယား | လွိုင်ကော် | ဒေါနိုးကူးရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၁၄ | ၂၉-၈-၂၀၂၁ | ရန်ကုန် | ဒဂုံမြို့သစ် မြောက်ပိုင်း | ၃၁ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၁၅ | ၃၁-၈-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | မြို့သစ်၄ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၁၆ | ၃၁-၈-၂၀၂၁ | မကွေး | သရက် | ပြောင်းကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၂၁၇ | ၁-၉-၂၀၂၁ | စစ်ကိုင်း | ဘုတလင် | ကံသာကျေးရွာ၊ နေအိမ်ခြံဝင်း အတွင်းရှိနွားစာတဲအနီး | လက်လုပ်အသံဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၁၈ | ၃-၉-၂၀၂၁ | ကချင် | မိုးမောက် | ဒွေ့ဖုန်းရမ်မြို့(၁)ရပ်ကွက် | လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှု။ |
| ၂၁၉ | ၅-၉-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | မြို့သစ်(၁)ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၂၀ | ၆-၉-၂၀၂၁ | ရန်ကုန် | သန်လျင် | မြို့မတောင်ရပ်ကွက်၊ စိတ္တသုခလမ်း | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၂၁ | ၆-၉-၂၀၂၁ | စစ်ကိုင်း | ဘုတလင် | ကံသာကျေးရွာ | မီးရှို့ဖျက်ဆီးမှု။ |
| ၂၂၂ | ၇-၉-၂၀၂၁ | ပဲခူး | ပေါင်းတည် | ကန်ငယ်ကျေးရွာ၊ ဆယ်အိမ်မှူးနေအိမ် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၂၃ | ၇-၉-၂၀၂၁ | မကွေး | ပခုက္ကူ | ၁၁ရပ်ကွက်၊ရစဖမှူး နေအိမ် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၂၄ | ၇-၉-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | အောင်သာယာရပ်ကွက်၊ ၄၅လမ်းနှင့်၄၆လမ်း၊ နေအိမ်ခြံဝင်း အတွင်း | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |
| ၂၂၅ | ၇-၉-၂၀၂၁ | မန္တလေး | စဉ့်ကူး | နွယ်ရုံကျေးရွာ၊ ရစဖမှူး နေအိမ်ခြံဝင်း | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီး။ |

*(ဆက်လက်ဖော်ပြပါမည်)*

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

## Laguna Phuket Championship 2021
# ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဟိန်းစည်သူ ပါဝင်ယှဉ်ပြိုင်

**ရန်ကုန် ဒီဇင်ဘာ ၂**

Asian Tour က စီစဉ်ကျင်းပသော Laguna Phuket Championship 2021 ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂ ရက်မှစ၍ ထိုင်းနိုင်ငံ Laguna Golf Phuket ၌ မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက် ကစားသမား ဟိန်းစည်သူ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ဟိန်းစည်သူသည် ပြိုင်ပွဲပထမနေ့တွင် စုစုပေါင်း ရိုက်ချက် ၆၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ထားပြီး ပြိုင်ပွဲဒုတိယနေ့ကို ဒီဇင်ဘာ ၃ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဟိန်းစည်သူသည် ပြိုင်ပွဲပထမနေ့တွင် တစ်ချက်တည်း ကျင်းဝင်ခဲ့ပြီး ၂၀၅ ကိုက်ရှိသော ကျင်းအမှတ် ၁၆ တွင် Srixon သံတုတ် ၆ ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ကာ Hole In One ဆုရရှိခဲ့ခြင်း ဖြစ်သည်။

ယခုပြိုင်ပွဲတွင် နိုင်ငံပေါင်း၂၀ ကျော်မှ ဂေါက်သီးရိုက်ကစားသမား ၁၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ဆုကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ တစ်သန်း ချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**ကိုညီလေး၊ ဓာတ်ပုံ-Asian Tour**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ ချင်းရွှေဟော်၊ ကျိုင်းတုံကုန်သွယ်ရေးစခန်းများနှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ ကုမ္ပဏီငါးခု၊ ယာဉ်စီးရေ ရှစ်စီးဖြင့် အောက်ဆီဂျင်အရည် Bowser ယာဉ် တစ်စီးဖြင့် တန် ၂၀၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၅၁၄ ခုနှင့် နှာခေါင်းစည်း ၃၂ တန်တို့ကို တင်သွင်းခဲ့ပြီး အောက်ဆီဂျင် အရည်(Bowser)ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# မူဆယ်မြို့ တရုတ်စာသင်ကျောင်းအဖွဲ့မှ မုံးကိုးမြို့ တိုက်ပွဲရှောင်စခန်းသို့ စားသောက်ကုန်နှင့် အဝတ်အထည်များကူညီထောက်ပံ့ပေး

**မူဆယ် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့ တရုတ် စာသင်ကျောင်း Quarantine စင်တာ အဖွဲ့ခေါင်းဆောင် ဦးမန်းမျိုးမြင့် ဦးဆောင်ပြီး(၁၀၅)မိုင်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ တပ်ခွဲမှူး ဦးသန့်ဇင်နှင့် ကြက်ခြေနီ စေတနာ့လုပ်အားရှင်များ၊ မူဆယ်မြို့ သဒ္ဓါဖြူစင်ပရဟိတ အသင်းသူ အသင်းသားများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့တွင် မုံးကိုးမြို့ တိုက်ပွဲရှောင်စခန်းသို့ ဆန်အပါအဝင် စားသောက် ကုန်များနှင့် အဝတ်အထည်များ သွား ရောက်လှူဒါန်းသည်။

မူဆယ်ခရိုင် မုံးကိုးမြို့တွင် မကြာခဏ တိုက်ပွဲများဖြစ်နေသောကြောင့် ကချင်ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းနှင့် လီဆူဘုရား ကျောင်းများတွင် တိုက်ပွဲရှောင်များ ခိုလှုံလျက်ရှိရာ အဆိုပါတိုက်ပွဲရှောင်များအတွက် ကျန်းမာရေးနှင့် စားသောက်စရာများ အပါအဝင် အခက်အခဲရှိနေကြောင်း သိရသည်။

အဆိုပါတိုက်ပွဲရှောင်များအတွက် ယနေ့တွင် မူဆယ်မြို့ တရုတ်စာသင်ကျောင်း Quarantine စင်တာ အဖွဲ့ခေါင်းဆောင်၊ တရုတ်စာသင်ကျောင်းမှ တာဝန်ရှိသူများ၊ (၁၀၅) မိုင် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ တပ်ခွဲမှူးနှင့် ကြက်ခြေနီ စေတနာ့လုပ်အားရှင်များ၊ မူဆယ်မြို့ သဒ္ဓါဖြူစင်ပရဟိတ အသင်းသူ အသင်းသားများ စသည့် ပူးပေါင်းပါဝင်သည့်အဖွဲ့သည် မုံးကိုးမြို့ ကချင်ဘုရား ကျောင်းဝင်းအတွင်းရှိ တိုက်ပွဲရှောင်များအား ဆန်အပါအဝင် အဝတ်အထည်များ၊ အိပ်ရာခင်း၊ စောင်၊ အမျိုးသမီး ကျန်းမာရေး အသုံး အဆောင်ပစ္စည်းများ၊ ဖိနပ်များ၊ ဖျာများ၊ အနွေးထည်များ၊ ရေသန့်ကတ်များနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်ရာ ကချင်ဘုရားကျောင်းမှ တာဝန်ရှိသူများနှင့် တိုက်ပွဲရှောင်အဖွဲ့မှ တာဝန်ရှိသူများက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ကူညီထောက်ပံ့ပစ္စည်းများကို ကချင်ဘုရားကျောင်းဝင်းအတွင်းမှ တာဝန်ရှိသူများက မုံးကိုးမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများသို့ ပြန်လည်ခွဲဝေပေးမည်ဖြစ်ကြောင်း၊ လက်ရှိ ကချင်ဘုရားကျောင်းဝင်း အတွင်းရှိ တိုက်ပွဲရှောင်များအပါအဝင် ဘုန်းကြီးကျောင်းနှင့် လီဆူဘုရားကျောင်းများတွင် တိုက်ပွဲရှောင် စုစုပေါင်း ၅၀၀ ကျော် ခိုလှုံလျက်ရှိကြောင်း သိရသည်။ မူဆယ်ခရိုင် မုံးကိုးမြို့တွင် တရုတ် လူမျိုး၊ ကိုးကန့်၊ ကချင်၊ ရှမ်း၊ ပလောင်၊ လီဆူများနေ ထိုင်ကြပြီး လူဦးရေ တစ်သောင်းကျော်၊ အိမ်ထောင်စုပေါင်း တစ်သောင်းကျော် ရှိကြောင်းနှင့်အဓိက တောင်ယာအလုပ်နှင့် လယ်ယာလုပ်ကိုင်စားသောက်ကြသူများ ဖြစ်သည်။

**သန့်ဇင်**
**(မူဆယ်)**

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဒီဇင်ဘာ ၂**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်သို့ ရောက်ရှိခဲ့ပြီး ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအား နည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ပိုမိုအားကောင်းလာနိုင်ကာ နောက် ၁၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ဒီဇင်ဘာ ၃ ရက်တွင် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

GREAT HOR KHAM PUBLIC COMPANY LIMITED
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

**အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား အွန်လိုင်းစနစ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်းနှင့် ဖိတ်ကြားခြင်း**

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

၁။ ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ အဋ္ဌမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို COVID 19 ကပ်ရောဂါ ကာကွယ်တားဆီးထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်၊ လမ်းညွှန်ချက်များ၊ ဒေသဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ Online စနစ်ကိုအသုံးပြု၍ ၂၆-၁၂-၂၀၂၁ ရက်နေ့တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှအစုရှယ်ယာရှင်များ ကြိုတင်သိရှိထားနိုင်ပါရန်နှင့် အစည်းအဝေးသို့တက်ရောက်ချီးမြှင့်ပေးနိုင်ပါရန် လေးစားစွာဖြင့် အသိပေးဖိတ်ကြားအပ်ပါသည်။

**နှစ်ပတ်လည်အထွေထွေ အစည်းအဝေးအစီအစဉ်**

- ကျင်းပမည့်နေရက် ။ ။ ၂၆-၁၂-၂၀၂၁ ၊ တနင်္ဂနွေနေ့
- ကျင်းပမည့်အချိန် ။ ။ နံနက် ၁၀:၀၀ နာရီ မှ နေ့လည် ၁၂:၀၀ နာရီအထိ
- ကျင်းပမည့်ပုံစံ ။ ။ Zoom Meeting (Online)

၂။ အစုရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးသို့တက်ရောက်နိုင်ရန်အတွက် ကုမ္ပဏီ၏ Facebook Page တွင်သော်လည်းကောင်း၊ ကုမ္ပဏီ၏ Website တွင်သော်လည်းကောင်း အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်ခြင်း (Online Registration) ပြုလုပ်ပေးနိုင်ပါရန် ပန်ကြားအပ်ပါသည်။ အစည်းအဝေးသို့ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိပါက ကိုယ်စားလှယ်လွှဲအပ်ကြောင်းအား Online Registration ဖြည့်သွင်း၍ ကိုယ်စားလှယ်လွှဲအပ်နိုင်ပါသည်။

၃။ Online Registration ပြုလုပ်ရန်အခက်အခဲတစ်စုံတစ်ရာရှိပါက အစုရှယ်ယာရှင်ကိုယ်စား ကုမ္ပဏီမှ မှတ်ပုံတင်ပေးနိုင်ရန် ဤဖိတ်ကြားစာအောက်တွင် ဖော်ပြထားသည့် Viber သို့မဟုတ် Email များသို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင် (ရှေ့ပုံ၊ နောက်ပုံ)နှင့် အစုရှယ်ယာ အမှတ်စဉ်များကိုပေးပို့၍ မှတ်ပုံတင်နိုင်ပါသည်။

၄။ အစုရှယ်ယာရှင်များ Online Registration ပြုလုပ်ရမည့်ရက်များမှာ ၁၅-၁၂-၂၀၂၁ ရက်နေ့မှ ၂၅-၁၂-၂၀၂၁ ရက်နေ့အထိ ဖြစ်ပါသည်။ Registration ပြုလုပ်ပြီးပါက Zoom Meeting Link အား မှတ်ပုံတင်ထားသော အီးမေးလ်သို့ ပြန်လည်ပို့ပေးပါမည်။

၅။ အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်းလိုသည့်အချက်များရှိပါက ၂၀-၁၂-၂၀၂၁ ရက်နေ့ ညနေ ၄:၀၀ နာရီ နောက်ဆုံးထား၍ မေးခွန်းလွှာများကို အောက်တွင်ဖော်ပြထားသည့် Viber နှင့် Email များသို့ ပေးပို့နိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

မူဆယ်ရုံးချုပ် ။ ။ အမှတ်-၂၁ - ၂၂၊ ဘလောက်-၆၊ မင်္ဂလာအောင်မြင်နှင့် ရွှေမိုးငွေမိုးလမ်းထောင့်၊ မင်္ဂလာမူဆယ်၊ မူဆယ်ဗဟိုစီးပွားရေးဇုန်၊ တော်ရှက်ရပ်ကွက်၊ မူဆယ်မြို့။
Viber - ၀၉-၄၀၀၄၇၀၅၅၅၊ ၀၉-၄၄၀၀၀၃၃၀၂
Web: www.greathorkham.com
Facebook: www.facebook.com/greathorkham
Email: nangzinmaing@greathorkham.com, annawaraung@greathorkham.com

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## ရုပ်ရှင်ရုံသုံး သစ်သားထိုင်ခုံအဟောင်း(၉၇)တွဲကို ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့ရှိ အောင်မင်္ဂလာရုပ်ရှင်ရုံ၏ အသုံးမလိုသည့် ရုပ်ရှင်ရုံသုံး သစ်သားထိုင်ခုံအဟောင်း (၇)လုံးတွဲ ထိုင်ခုံ(၉၆)တွဲနှင့် (၄)လုံးတွဲထိုင်ခုံ (၁)တွဲ စုစုပေါင်း (၉၇)တွဲကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည် ဖြစ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို (၃-၁၂-၂၀၂၁)ရက်နေ့မှ (၃၀-၁၂-၂၀၂၁) ရက်နေ့အထိ ရုံးဖွင့်ချိန်(၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီအတွင်း အောက်ပါလိပ်စာများတွင် တင်ဒါပုံစံများကို တစ်စောင်လျှင် ငွေကျပ်(၂၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်-
၃။ ဈေးနှုန်းကမ်းလှမ်းလွှာများကို (၃၀-၁၂-၂၀၂၁)ရက်နေ့ (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီအတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ-
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း ၀၅၉-၂၀၂၃၄၈၇၊ ၀၅၉-၂၀၂၁၀၈၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီးရုံး**
**အမှတ် (၁၃၃)၊ ဈေးတောင်ဘက်လမ်း၊ ဇရစ်ရပ်ကွက်၊ ထားဝယ်မြို့**
**ဖုန်း၊ ၀၅၉-၂၀၂၃၄၈၇၊ ၀၅၉-၂၀၂၁၀၈၂**
**အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်လိပ်စာ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီးရုံး**
**အမှတ် (၁၃၃)၊ ဈေးတောင်ဘက်လမ်း၊ ဇရစ်ရပ်ကွက်၊ ထားဝယ်မြို့**
**ဖုန်း၊ ၀၅၉-၂၀၂၃၄၈၇၊ ၀၅၉-၂၀၂၁၀၈၂**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့၊ အထက၊ ဒသမတန်း(C)တွင် ပညာသင်ကြားနေသော မောင်ကောင်းထက်ဇော် ၇/နတလ(နိုင်)၁၆၉၇၈၆၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော် ၇/နတလ(နိုင်)၀၉၃၅၀၆ ဖြစ်ပါကြောင်း။ **ဦးမင်းဇော်**

### ဖခင်အမည်မှန်

မင်းဘူးမြို့၊ အထက(၁) ဒသမတန်းမှ မောင်ကျော်ဇင်ထွန်း၏ ဖခင် ဦးဘိုမြင့်၏ အမည်မှန်မှာ ဦးဗိုလ်မြင့် ၈/မဘန(နိုင်) ၀၆၈၈၂၀ဖြစ်ပါကြောင်း။ **ဦးဗိုလ်မြင့်**

### ဖခင်အမည်မှန်

သံတွဲမြို့၊ အထက(ခွဲ)ကျော်တောင်ကျောင်း ဒသမတန်း(A)မှ မောင်အောင်ကိုလတ်၊ မောင်နေလင်းထွေး(သတ္တမတန်း) နှင့် မောင်ထွန်းထွန်းဝင်း(ဒသမတန်း) အောင်၏ ဖခင် ဦးလှခင်၏ အမည်မှန်မှာ ၁၂/သဃက(နိုင်)၁၃၅၂၈၇ အရ ဦးလှဝင်း ဖြစ်ပါကြောင်း။

### အမည်မှန်

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့ ဦးဇော်ဌေး၏သမီး တက္ကသိုလ်ဝင်တန်းမှ မခင်နွယ်မိုး၏အမည်မှန်မှာ မခိုင်နွယ်မိုး ၁၁/ပတန(နိုင်)၁၃၆၀၂၃၆ ဖြစ်ပါကြောင်း။ **မခိုင်နွယ်မိုး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/1320, Suzuki Ciaz Cvc 415 Saloon(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့် ၁၃/ကလန(နိုင်)၀၀၈၁၆၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ အထက(၁) ဒသမတန်း(E)မှ မောင်ထက်နိုင်ဌေး ၁/ရကန(နိုင်) ၀၇၇၀၁၃၏ဖခင်အမည်မှန်မှာ ဦးမျိုးထိုက်အောင်(ခ) ဦးနန်းထိုက်အောင် ၁/ရကန(နိုင်) ၀၃၈၉၃၄ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/9373 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

### ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(ညောင်ကိုင်း) တက္ကသိုလ်ဝင်တန်း(A)မှ မအေးစန္ဒာရွှေနှင့် အဋ္ဌမတန်း (B)မှ မောင်မင်းမင်းတိုး တို့၏ဖခင်အမည်မှန်မှာ ဦးတိုးကျော် ၉/မထလ(နိုင်)၂၂၃၇၄၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

စစ်တွေမြို့၊ မင်းဂံအကွက် (၈)၊ တက္ကသိုလ်ဝင်တန်းမှ မဆန်းသက်ရွှေ၏ ဖခင် ဦးလှမောင်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးလှမောင်သာ ၁၁/မဥန(နိုင်)၁၁၁၆၄၇ ဖြစ်ပါကြောင်း။ **ဦးလှမောင်သာ**

**ဥတုရာသီ တောကိုမှီ၏**

◆ *ကျော်ဖုံးမှ*

ကလော့ပ်၏ လီဗာပူးအသင်းက ပြီးခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို တစ်ဦးသာ အပြောင်းအလဲပြုလုပ်ပြီး မာနေး၊ ဂျိုတာ၊ ဆာလာတို့ ဦးဆောင်ကာ အိမ်ရှင်အဲဗာတန်အသင်းကို ရင်ဆိုင်လာခဲ့သည်။

လီဗာပူးအသင်းသည် အမှတ်ပေးဇယား ဦးဆောင်သူ ချယ်ဆီးအသင်းကို ဖိအားပေးနိုင်ရန်အတွက် ယခုပွဲစဉ်တွင် နိုင်ပွဲရရှိရေးကို ဦးတည်လာခဲ့ပြီး ပွဲစသည်နှင့်တစ်ပြိုင်နက် အဲဗာတန်အသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်မှု ပြုလုပ်နိုင်ခဲ့သည်။ ပွဲချိန် ကိုးမိနစ်တွင် လီဗာပူးအသင်း အဖွင့်ဂိုးရရှိခဲ့ပြီး အသင်းခေါင်းဆောင် ဟန်ဒါဆင်က သွင်းယူပေးခဲ့သည်။ ဒုတိယဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် ဆာလာက သွင်းယူပေးခဲ့သည်။ အဲဗာတန်အသင်းကလည်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၃၈ မိနစ်တွင် ဂရေးက သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းကို လီဗာပူးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း လီဗာပူးအသင်းကသာ ကစားကွက်အသာ၊ ခြေအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် အဲဗာတန်အသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့ပြီး သွင်းဂိုးများ ရယူနိုင်ခဲ့သည်။ လီဗာပူးအသင်းအတွက် တတိယဂိုးကို ပွဲချိန် ၆၄ မိနစ်တွင် ဆာလာကပင် သွင်းယူပေးနိုင်ခဲ့ပြီး စတုတ္ထဂိုးကို ဂျိုတာက သွင်းယူပေးနိုင်ခဲ့သည်။ လီဗာပူးတိုက်စစ်ကစားသမား ဆာလာသည် ယခုပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး ရရှိခဲ့သောကြောင့် ပရီမီယာလိဂ်တွင် သွင်းဂိုး ၁၃ ဂိုးအထိ ရှိလာခဲ့ပြီ ဖြစ်သည်။

အဲဗာတန်အသင်းသည် ယခုပွဲစဉ်တွင် လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် နောက်ဆုံးရှစ်ပွဲတွင် နိုင်ပွဲရယူနိုင်ခြင်းမရှိဘဲ သရေနှစ်ပွဲနှင့် ရှုံးပွဲ ခြောက်ပွဲအထိ ရှိလာခဲ့ပြီ ဖြစ်သည်။ လီဗာပူးအသင်းသည် ယခုအနိုင်ပွဲကြောင့် ရမှတ် ၃၁ မှတ်ဖြင့် အမှတ်ပေးဇယား တတိယနေရာတွင် ရပ်တည်နေပြီး ဦးဆောင်သူ ချယ်ဆီးအသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် ချယ်ဆီးအသင်းက ဝက်ဖို့ဒ်ကို နှစ်ဂိုး-တစ်ဂိုး၊ မန်စီးတီးက ဗီလာကို နှစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့ပြီး ဝက်စ်ဟမ်းနှင့် ဘရိုက်တန်ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေဝုဖ်နှင့် ဘန်လေအသင်းတို့ပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သလို ဆောက်သမ်တန်နှင့် လက်စတာအသင်းတို့ပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

# ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂**

ကျောက်ပန်းတောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လဘတ်ဂျက် ပြည်ထောင်စုငွေလုံး ငွေရင်း (မူလ) ရန်ပုံငွေဖြင့် ကျောက်ပန်းတောင်း မြို့နယ် မြင်သာတောင်ကျေးရွာ အုပ်စု ခါးပတ်ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးသန်းနှင့် တာဝန်ရှိသူများ သွားရောက် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးလက်ကုန်ထုတ်လမ်း/ တံတား ကော်မတီဝင်များနှင့်အတူ တွေ့ဆုံကာ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် လျင်မြန်စွာ ရောက်ရှိစေရေး သယ်ပို့ပေးနိုင်ရေး၊ ကုန်ထုတ်လမ်း/ တံတား လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ လမ်းရေရှည် အသုံးပြုနိုင်ရေးနှင့် လည်ပတ်ပြုပြင် ထိန်းသိမ်းရမည့် အစီအစဉ်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ မြင်သာတောင်ကျေးရွာ အုပ်စု ခါးပတ်ကျေးရွာ ကျင်းကြီး (မြေသား+ဂျင်း) ခင်းခြင်းလုပ်ငန်း အရှည် (၁/၄ ဒသမ ၁၉၆) မိုင်၊ လမ်းအကျယ် ၁၂ ပေ၊ လမ်းထု ၂ ပေ ၉ လက်မ၊ ကုန်ထုတ် Slab Culvert တံတားရှည် ၃ ပေ၊ လမ်းအကျယ် ပေ ၂၀၊ လမ်းအမြင့် ၃ ပေ ခြောက်စင်း၊ ရေကျော်လမ်းအရှည် ပေ ၆၀၊ လမ်းအကျယ် ၂၆ ပေ၊ လမ်းထု ၂ ပေ ၆ လက်မ တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုငွေကျပ် ၁၀၀ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လမ်း/ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၄၀၄ အိမ်၊ အိမ်ထောင်စု ၃၇၇ စု၊ လူဦးရေ၂၁၅၈ ဦး၊ အကျိုးပြုတောင်သူ ဦးရေ ၁၅၀၊ အကျိုးပြု လယ်/ယာ မြေဧက ၂၅၀၀ အကျိုးပြု ခံစားရမည်ဖြစ်ကြောင်း သိရသည်။

**ကိုပြည့်(ကျေးလက်)**

# နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

### ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ပြည်မြို့၊ ရွှေကူရပ်ကွက်၊ အကွက်အမှတ်-၅၊ အကွက်အမည်-ရွှေကူကွက်၊ ဦးပိုင်အမှတ်၁၁"၊ မြေဧရိယာ (၀.၀၅၃)ဧကရှိမြေသည် ဦးသန်းလှ အမည်ထွက်ရှိထားသော ဘိုးဘပိုင်မြေကွက်ဖြစ်ပြီး၊ ဦးသန်းလှသည် ၂၀-၉-၂၀၂၀ရက်တွင်လည်းကောင်း၊ ဇနီး ဒေါ်ဝန်းနွဲ့သည် ၂၅-၁၁-၂၀၁၈ရက်တွင်လည်းကောင်း၊ (သား)ဦးခင်မောင်ဌေးသည် (၂၀၀၈)ခုနှစ်တွင်လည်းကောင်း ကွယ်လွန်သွားသဖြင့် အဆိုပါမြေကွက်ကို အမွေဆက်ခံရန် ကျန်ရှိသူ (သား) ဦးအောင်မိုး၊ ဦးအောင်စိုး၊ ဦးခင်မောင်အေးနှင့် (မြေး) ဦးခန့်မင်းထက်တို့မှ ၂၅-၆-၂၀၂၁ရက်တွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်-၁၃၂/၂၀၂၁ ဖြင့် စာချုပ်မှတ်ပုံတင်ပြုလုပ်ပြီး ၎င်းတို့အမည်ဖြင့် ဘိုးဘပိုင်အမည်ပြောင်းလျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘိုးဘပိုင်အမည်ပြောင်း ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**၁။ ဦးအောင်မိုး ၂။ ဦးအောင်စိုး ၃။ ဦးခင်မောင်ဌေး ၄။ ဦးခန့်မင်းထက်**
**(အမည်ပြောင်းလျှောက်ထားသူများ)**

### ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရလပ(မ)၂၆၊ ကမ်းပတ်လမ်း၊ မြေကွက်အမှတ် (၁၀၁၄)ဟုခေါ်တွင်သောမြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ (ဦးစိုး)အမည်ဖြင့်မှတ်သားတည်ရှိသော ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်သိန်း ၁၂/လမတ(နိုင်) ၀၀၇၂၁၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဇော် ၁၄/လပတ(နိုင်)၁၃၃၂၆၈က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှစရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ် ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးလွင်ကိုကိုဦး(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၆၂)**
**(ရုံး)ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၂၅၀၆၅၃၂၁၈**
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း








ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးရဲအောင်
### ခေတ္တညွှန်ကြားရေးမှူးချုပ်
### မြန်မာနိုင်ငံတော်ဗဟိုဘဏ်
### အသက် (၆၀) နှစ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲအောင်သည် ၁-၁၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့်**
**အရာထမ်း၊ အမှုထမ်းမိသားစုများ**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သောင်းသောင်း(သိင်္ဂီရွှေဝါပိုးထည်)
### အသက် (၈၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်နေ ဦးအောင်စိန်-ဒေါ်သိန်းတင်တို့၏သမီး၊ ဦးရာမ-ဒေါ်ခင်သော်တို့၏ချွေးမ၊ ဦးသောင်းညွန့်(သိင်္ဂီရွှေဝါပိုးထည်)၏ ချစ်လှစွာသောဇနီး၊ ဦးကျော့မောင်မောင်-ဒေါ်နေနွယ်၊ ဦးဝင်းထွန်းဦး-ဒေါ်ဆယ်ဆယ်၊ ဒေါ်သူဇာသောင်းညွန့်၊ ဦးဖြိုးဝေသောင်း-ဒေါ်စိုးဇေကရီအေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မမီမီသောင်းညွန့်၊ မောင်မြင့်မြတ်သူ၊ မအင်ကြင်းစံ၊ မသိင်္ဂီမြတ်နိုး၊ မစုရွှေရည်ဝင်း၊ မောင်စံထူးမြတ်သာတို့၏ ချစ်လှစွာသောအဘွားသည် ၁-၁၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၁၉ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၃-၁၂-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၂၂ရက် (အင်္ဂါနေ့)တွင် ဗဟန်းမြို့နယ်၊ နန္ဒာဝန်လမ်း၊ အမှတ် (၁၀၈)နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ခက်ခက်
### ဌာနစုမှူး(Y.C.D.C)
### အသက် (၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၂)ဘီ၊ ဆည်မြောင်းလမ်း၊ ဧမိုင်ခွဲ၊ ဆည်မြောင်းဝန်ထမ်းရိပ်သာနေ (ဦးကြည်-ဒေါ်ရီရီလွင်)တို့၏သမီး၊ (ဦးတင်မောင်အေး)-ဒေါ်တင်ရွှေတို့၏သမီးချွေးမ၊ ဦးငြိမ်းချမ်း-ဒေါ်သန်းသန်းညွန့်၊ ဦးချမ်းငြိမ်း-ဒေါ်ယဉ်ယဉ်ထွေး၊ ဦးဖြူစင်-ဒေါ်နီလာတို့၏ညီမ၊ ဦးညီညီအောင်-ဒေါ်ချစ်ချစ်၊ ဦးဖြူဝင်း-ဒေါ်မြင့်မြင့်ခိုင်၊ ဦးဖြူဖွေး-ဒေါ်စောမြတ်နွယ်၊ ဦးဖြူထွေးတို့၏အစ်မ၊ ဦးလှဖုန်းမော်(ဒုတိယညွှန်ကြားရေးမှူး၊ ဆည်/ရေဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ မောင်သုတညီ၏မိခင်သည် ၂-၁၂-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၄-၁၂-၂၀၂၂ ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အမှတ်(၂)ဘီ၊ ဆည်မြောင်းလမ်း၊ ဆည်မြောင်းဝန်ထမ်းရိပ်သာ နေအိမ်တွင် ရက်လည်ဆွမ်းကျွေးပြုလုပ်မည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဖခင်အမည်မှန်

ပဲခူးမြို့၊ အထက(၇)ကျောင်း တက္ကသိုလ်ဝင်တန်းမှ မစုပိုပိုထက်၏ ဖခင်အမည်မှန်မှာ ဦးစန်းကိုကို ၇/ကဝန(နိုင်) ၁၅၇၉၃၇ ဖြစ်ပါကြောင်း။

**ဦးစန်းကိုကို**

### မိခင်အမည်မှန်

အထက(၁)လက်ပံတန်း တက္ကသိုလ်ဝင်တန်းမှ မောင်မင်းထက်မောင်၏ မိခင်အမည်မှန်မှာ ဒေါ်သင်းသင်းလှိုင် ၇/လပတ(နိုင်) ဝ၉၁၃၄၈ဖြစ်ပါကြောင်း။

**ဒေါ်သင်းသင်းလှိုင်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/2233, Cargo M37 Light Truck ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်စိုး၁၂/ဒဂန(နိုင်)ဝ၂၃၆၄၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် CC/8135, Toyota Probox, S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းယုမော် ၁၂/ပဇတ(နိုင်)ဝ၂၆၄၁၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နီလာ
### လူထုစားသောက်ဆိုင်(မော်ကျွန်း)
### အသက်(၅၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ (၃)ရပ်ကွက်၊ အောင်ဆန်း(၈)လမ်း၊အမှတ်(၁၃)နေ (ဦးအမိန်း)-ဒေါ် သန်းသန်းတို့၏သမီး၊ ဦးစိုးနိုင်-ဒေါ်သိင်္ဂီအေး၊ (ဦးစိန်ဝင်း)-ဒေါ်မြမြ၊ ဦးရွှေဝိန်း-ဒေါ်ငွေငွေ၊ ဦးယုအင်-ဒေါ်ခင်ခင်အေး၊ ဦးအေးလှိုင်- ဒေါ်ဝင်းစန္ဒာတို့၏ညီမ၊ ဒေါ်ချိုချိုဝင်း၊ ဒေါ်သီတာ၊ ဦးနေဝင်းနိုင်တို့၏အစ်မ၊ တူ၊ တူမ ၁၂ယောက်၊ မြေးနှစ်ယောက်တို့၏အဘွား ဒေါ်နီ လာ အသက်(၅၁)နှစ်သည် ၂-၁၂-၂၀၂၂ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁:၁၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၂၂ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် မော်လမြိုင်ကျွန်းမြို့ကျီနှစ်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးမျိုးဝင်းသန့် ၇/သကန(နိုင်)၀၀၁၅၀၇၏ MICB ဘဏ် Grand Andaman Co.,Ltd A/C စာအုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၁၄၂၀၂**

---

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့၊ အမှတ် (၁)ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၇/မြို့မမြောက်)၊ ဦးပိုင်အမှတ် (၄၂/၂)၊ မြေ ဧရိယာ ၀ဒသမဝ၇၁ဧကရှိ မြေကွက်ကို မူလက ဦးမြင့်ကျော်မှ ၁၅နှစ်မြေငှားဂရန် အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ၉-၉-၂၀၂၀ ရက်တွင် ဦးခင်မောင်ပြုံးက ဦးမြင့်ကျော်ထံမှ အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုကာ ဝယ်ယူထားသောမြေကွက်ဖြစ် ပြီး လျှောက်ထားမြေကွက်နှင့်ပတ်သက်၍ ဦးခင်မောင်ပြုံးက ဝိုင်းမော်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၉-၉-၂၀၂၀ ရက်စွဲပါ မှတ်ပုံတင်အမှတ် (၃၀/၂၀၂၀)ဖြင့် တင်ပြထားပါသဖြင့် ဦးခင်မောင်ပြုံး ၁/မစန(နိုင်)၀၀၁၈၄၁အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) ထုတ်ပေးနိုင်ရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုမြေငှားဂရန်(အမည်ပြောင်း)ထုတ်ပေးရန် လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(အမည်ပြောင်း)ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါ သည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဝိုင်းမော်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခက်ခက် (ဌာနစုမှူး၊ Y.C.D.C)
### အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ဘီ၊ ဆည်မြောင်းလမ်း၊ ဧမိုင်ခွဲ၊ ဆည်မြောင်းဝန်ထမ်းရိပ်သာနေ ဦးလှဖုန်းမော် (ဒုတိယညွှန်ကြားရေးမှူး၊ ဆည်/ရေဦးစီးဌာန) ၏ ချစ်လှစွာသော ဇနီးသည် ၂-၁၂-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၈:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခက်ခက်(ဌာနစုမှူး၊ Y.C.D.C)
### အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ဘီ၊ ဆည်မြောင်းလမ်း၊ ဧမိုင်ခွဲ၊ ဆည်မြောင်းဝန်ထမ်းရိပ်သာနေ ဦးလှဖုန်းမော်(ဒုတိယညွှန်ကြားရေးမှူး၊ ဆည်/ရေဦးစီးဌာန)၏ချစ်လှစွာသောဇနီးသည် ၂-၁၂-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၈:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခက်ခက်(ဌာနစုမှူး၊ Y.C.D.C)
### အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ဘီ၊ ဆည်မြောင်းလမ်း၊ ဧမိုင်ခွဲ၊ ဆည်မြောင်းဝန်ထမ်းရိပ်သာနေ ဦးလှဖုန်းမော်(ဒုတိယညွှန်ကြားရေးမှူး၊ ဆည်/ရေဦးစီးဌာန)၏ချစ်လှစွာသောဇနီးသည် ၂-၁၂-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၈:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၂) ပြည်မြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခက်ခက်(ဌာနစုမှူး၊ Y.C.D.C)
### အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ဘီ၊ ဆည်မြောင်းလမ်း၊ ဧမိုင်ခွဲ၊ ဆည်မြောင်းဝန်ထမ်းရိပ်သာနေ ဦးလှဖုန်းမော်(ဒုတိယညွှန်ကြားရေးမှူး၊ ဆည်/ရေဦးစီးဌာန)၏ချစ်လှစွာသောဇနီးသည် ၂-၁၂-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၈:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခက်ခက်(ဌာနစုမှူး၊ Y.C.D.C)
### အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ဘီ၊ ဆည်မြောင်းလမ်း၊ ဧမိုင်ခွဲ၊ ဆည်မြောင်းဝန်ထမ်းရိပ်သာနေ ဦးလှဖုန်းမော်(ဒုတိယညွှန်ကြားရေးမှူး၊ ဆည်/ရေဦးစီးဌာန)၏ချစ်လှစွာသောဇနီးသည် ၂-၁၂-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၈:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခက်ခက်(ဌာနစုမှူး၊ Y.C.D.C)
### အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ဘီ၊ ဆည်မြောင်းလမ်း၊ ဧမိုင်ခွဲ၊ ဆည်မြောင်းဝန်ထမ်းရိပ်သာနေ ဦးလှဖုန်းမော်(ဒုတိယညွှန်ကြားရေးမှူး၊ ဆည်/ရေဦးစီးဌာန)၏ချစ်လှစွာသောဇနီးသည် ၂-၁၂-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၈:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊ကုန်းဘောင်(၁၂)လမ်း၊(၆)ရပ်ကွက်၊တိုက်အမှတ်(၁၁၀၇)၊(၆)ထပ်တိုက်အနက်မှဒုတိယထပ်(၃လွှာ)(ခေါင်းရင်းခြမ်း)အကျယ်အဝန်း(၁၉ပေ×၆၀ပေ)ရှိတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဒေါ် ခင်မြ(၁၂/ဥကတ(နိုင်)၀၅၄၂၆၈)ထံမှကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်လှိုင် LL.B, အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈) | ဒေါ်သိမ့်သိမ့်ယမင်း LL.B, အထက်တန်းရှေ့နေ(စဉ်-၄၀၈၉၄)
ဖုန်း-၀၉၄၂၁၇၄၆၉၇၄ ၊ ၀၉၂၅၄၃၃၂၃၁၂

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်းကြေညာခြင်း

တောင်ငူမြို့၊ (၂၃)ရပ်ကွက်၊ အစ္စတုနေဒေါ်မြကျင် ၆/ကသန(နိုင်) ၀၃၈၀၇၄ ၏သား ကိုနေလင်းအောင် ၆/ကသန(နိုင်) ၀၄၈၀၅၄အားမိခင်ဖြစ်သူမှ ပထမအကြိမ် ရွှေနားကပ်(၁)ရံ၊ ဆိုင်ကယ်နှစ်စီး၊ ငွေကျပ်သိန်းနှစ်ဆယ်ကိုလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၃၀-၁၁-၂၀၂၂ရက်တွင်ငွေကျပ် ၅၅၀၀၀၀၀တို့ကို အမွေအဖြစ်ထပ်မံ ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း မိခင်ဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးနောက်နောင်၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်မြကျင်(တောင်ငူ)**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ကြွယ်
### လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကျဉ်းဦးစီးဌာန
### အသက်(၈၁)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေတ္တာလမ်း၊ အမှတ်(၅၂၈)နေ ဒေါ်မမယဉ်၏ခင်ပွန်း ဦးတင်ကြွယ်သည် ၃၀-၁၁-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးဗိုလ်နောင်-ဒေါ်ခင်အေးရီ(ဒေါင်းဝေနွယ် ကုမ္ပဏီ မိသားစု)**

---

## လွမ်းဆွတ်သတိရ အမှျဝေခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး/ ဒါယိကာမကြီး
ဖခင်ကြီး ဦးမောင်ကျော်အောင်-မိခင်ကြီး ဒေါ်ဦးကျော့စိန်
၃-၁၂-၂၀၁၄ ၁၉-၈-၂၀၁၇

အနန္တကျေးဇူးရှင် ဖခင်ကြီးနှင့် မိခင်ကြီး မိသားစုနှင့်ခွဲခွာသွားသည်မှာ နှစ်ပေါင်းကြာရှည်ခဲ့ပါသည်။ သတိရတမ်းတ လွမ်းဆွတ်သတိရဆဲပါ။ ဖခင်ကြီးနှင့် မိခင်ကြီးအား ရည်မှန်း၍ လှူဒါန်းအပ်သော နေ့စဉ်၊ အပတ်စဉ်၊ နှစ်စဉ်ပြုအပ်သော ကောင်းမှုများ၏ဒါနကံ၊ သီလကံ၊ ဘာဝနာကံတို့၏အဖို့ကို မြင့်မြတ်သောဘုံဘဝမှ ဖခင်ကြီးနှင့် မိခင်ကြီး သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

ဖခင်ကြီးနှင့် မိခင်ကြီးအားအမျှ-----အမျှ-----အမျှ ပေးဝေပါသည်။

| | | |
|---|---|---|
| သားသမီးများ | - | ဦးသာထွန်း-ဒေါ်ဦးခင်ညွန့် |
| မြေးများ | - | မောင်လင်းလင်းထွန်း-မမြင့်သီတာထက် |
| | | မောင်ကျော်ကျော်အောင်-မဆွေဆွေလွင် |
| | | မချိုအိအိခက် |
| မြစ် | - | မောင်ဘုန်းမြတ်ကျော် |

---

## ဦးလှိုင်ကျော်ဝင်း
### B.E(Textile)(R.I.T)
### (ကျီးသဲ/ပြည်/ရန်ကုန်)
### (၁၉၆၄-၁၉၇၃ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားဟောင်း)
### (ဌာနမှူး၊ ချည်မျှင်နှင့်အထည်အတတ်ပညာဌာန၊ ရန်ကုန်ဒေသကောလိပ်-၂)
### (လိမ္မော်ရောင်ကောလိပ်အာစရိယပူဇော်ပွဲကန်တော့ခံဆရာ)
### အသက်(၇၅)နှစ်

ပြည်မြို့၊ ကျောင်းကြီးဘိုးတန်းရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၄၆၆)နေ ရွှေမန်းပွဲရုံပိုင်ရှင်(ဦးသိုက်-ဒေါ်ခင်တင့်)တို့ ၏သားကြီး၊ (ဒေါ်ငွေငွေ)(အထပြ၊ ကနောင်မြို့)၏ခင်ပွန်း၊ ကိုမင်းမင်းစိုး-မနှင်းဦးလှိုင်(ခ)မနိုရာ(UK)နှင့်မမို့မို့ခင်(UK)တို့၏ဖခင်၊ (ဒေါ်ခင်အေးသွင်)(အထကပြ၊ ပြည်မြို့)၊ (ဦးအောင်ကျော် မင်း)(မြန်မာ့ရေနံ)-ဒေါ်ခင်ခင်ဝင်း၊ ဦးသိုက်ထွန်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်တူး၊ ဒေါ်ခင်နွဲ့ရီ၊ ဦးထွန်းလှကျော်တို့၏အစ်ကိုကြီး ဦးလှိုင်ကျော်ဝင်းသည် ပြည်မြို့နေအိမ်၌ ၃၀-၁၀-၂၀၂၂ရက်က ကွယ်လွန်၍ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီး မောင်ကျော်(ငြိမ်း)
### ကြည်း-၂၂၂၃၂၊ ဗသက (၈၀) စည်သူတပ်ခွဲ
### အသက် (၆၀)

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၀) စည်သူတပ်ခွဲမှဗိုလ်ကြီး မောင်ကျော်(ငြိမ်း)သည် ၁-၁၂-၂၀၂၂ရက်တွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**စည်သူ (၈၀) သူငယ်ချင်းများနှင့်**
**မိသားစုဝင်များ**

---

**အမည်မှန်**

ဦးနန်ဒိုးမန်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ နယ်မြေ(၃/၆၈)နေ မောင်မုန်နိုပ်ခုပ်၏ အမည်မှန်မှာ မောင်မုန်နိတ်ခုပ်ဖြစ်ပါကြောင်း။

**မောင်မုန်နိုပ်ခုပ်**

---

## အထွေထွေကိုယ်စားလှယ်လွှဲစာအားရုပ်သိမ်းခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ သီရိလမ်းနေ ဦးစောမြင့်ဦး ၃/ကကရ(နိုင်) ၁၆၄၆၁၂မှ ကရင်ပြည်နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကမ္ဘောဇလမ်းနေ ဦးဝေလွင်မိုး ၃/ကကရ(နိုင်) ၁၄၀၄၄၉အား (၂၄-၁-၂၀၂၂)ရက်တွင် ပေးအပ်ထားသည့် အထွေထွေကိုယ်စားလှယ်စာအား(၃၁-၁၀-၂၀၂၂)ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောမြင့်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိမှူမှူအေး(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၅၉)**
**အမှတ်(၆/၄၈၅)၊ ကမ္ဘောဇလမ်း၊ အမှတ်(၆)ရပ်ကွက်၊ ဘားအံမြို့၊**
**ဖုန်း-၀၉-၄၂၅၀၀၁၈၉၀**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကလေးမြို့၊ တာဟန်းရပ်ကွက်၊ နယ်မြေ(၉/၈၁၄)ဘီနေ ဦးရမ်းမောယာ-ဒေါ်ဇိုးလျုံနူးနီးတို့၏ဒုတိယသား မောင်လားနွန်မောယာ ၅/ကလထ(နိုင်)၂၁၀၀၀၃သည် မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာပါသည်။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**ဒေါ်ဇိုးလျုံနူးနီး ၅/ကလထ(နိုင်)၁၁၅၇၀၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း

## (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ

*စာမျက်နှာ ၇ ကော်လံ ၁* ❈



ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## လီဗာပူးအသင်း အဲဗာတန်ကို ဂိုးပြတ်အနိုင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ် (၁၄) အဖြစ် ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ဘင်နီတက်ဇ်၏ အဲဗာတန်အသင်းနှင့် ကလော့ပ်၏ လီဗာပူးအသင်းတို့ပွဲစဉ်ကို အဲဗာတန် အိမ်ကွင်း ဂွတ်ဒီဆင်ပတ်ခ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘင်နီတက်ဇ်၏ အဲဗာတန်အသင်းသည် ပြီးခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို နှစ်ဦး အပြောင်းအလဲပြုလုပ်ပြီး ရစ်ချတ်လီဆန်၊ ရွန်ဒွန်တို့ ဦးဆောင်ကာ ပွဲထွက်လာခဲ့သည်။

*စာမျက်နှာ ၂၂ ကော်လံ ၁* ◆



## အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် တယ်လီဖုန်းတာဝါတိုင် ၄၀၉ ခု ပျက်စီးဆုံးရှုံးခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂**

CRPH နှင့် NUG အမည်ခံအကြမ်းဖက်အဖွဲ့များသည် အလုံးစုံ ပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင် အဆောက်အဦများ၊ အများပြည်သူနှင့် သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများ၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိက ပိုင်ပစ္စည်းများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် တယ်လီဖုန်းတာဝါတိုင်များအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖

**ယနေ့** သတင်းအညွှန်း

**မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်း (Life Expectancy at Birth)နှင့် လွှမ်းမိုးနေသော အချက်များ** ဆောင်းပါး - ၉

**အကြမ်းဖက်သမားများက စာသင်ကျောင်းများအား လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများ အသုံးပြု၍ ဖောက်ခွဲဖျက်ဆီး** ပြည်တွင်းသတင်း - ၁၈